# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e - paper ဖတ်ရှုရန်


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 20 August 2026 ၁၂၂၇၆


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်က ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်း

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံးအဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်က ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာနိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် G.V. Plekhanov စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့် အဆင့်မြင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Mogilevsky Konstantin Ilyich၊ တက္ကသိုလ်ပါမောက္ခချုပ် Mr. LOBANOV Ivan Vasilyevich နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ အပ်နှင်း**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံးအဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကို တက္ကသိုလ်ပါမောက္ခချုပ်က အပ်နှင်းစဉ်။

**ယနေ့ ဖတ်စရာ**

**လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် တက္ကသိုလ်များအနေဖြင့် ခေတ်နှင့်ညီသော သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှုနည်းစနစ်များ ဖြစ်ရန်လို**

စာမျက်နှာ » ၁၄

**ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ » ၁၅

## ညောင်တုန်းမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေးကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စိုက်ပျိုးမြေ ဧက ၆၇၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးလျက်ရှိသည့် ညောင်တုန်းကျွန်းပတ်တာ၊ ပန်းလှိုင်ရေထိန်းတံခါးနှင့် အဝင်/အထွက်မြောင်းများ ရေစီးရေလာနှင့် ညောင်တုန်းမြို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ထားရှိသည့် ညောင်တုန်းမြို့ပတ်တာ (စည်ပင်တာ) ကြံ့ခိုင်မှုအခြေအနေတို့ကို ဩဂုတ် ၁၇ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

**အနေဝေးသော်လည်း သွေးမဝေးသော ယုံကြည်စိတ်ချအားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ**

ဆောင်းပါး စာမျက်နှာ » ၁၂

**ယနေ့ မိုးလေဝသ (၂၀ - ၈ - ၂၀၂၆)**

| | |
|---|---|
| နေပြည်တော်နှင့်အနီးတစ်ဝိုက် | မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ |
| မန္တလေးမြို့နှင့်အနီးတစ်ဝိုက် | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ |

မိုး/ဇလ




# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မြင့်မား

မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိနေသည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်တွင် ကြီးမားသည့် နိုင်ငံတကာဈေးကွက်ကြီး တည်ရှိနေသလို မြန်မာနိုင်ငံတွင်လည်း သဘာဝသယံဇာတများ ပေါများကြွယ်ဝစွာ ပိုင်ဆိုင်ထားသည်။ စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိပြီး လုပ်သားအင်အားသာမက ကောင်းမွန်ပြီး သမမျှတသည့် ရာသီဥတုလည်းပိုင်ဆိုင်ထားသည်။ ထို့အပြင် မိုင်ပေါင်း ၁၃၀၀ ကျော်ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းလည်း ပိုင်ဆိုင်ထားသည်။ ထိုသို့ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံတွင် ရုရှားနိုင်ငံ၏ နယ်ပယ်စုံကဏ္ဍစုံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာပြီဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၈ ရက်နေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်သို့ ရောက်ရှိပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် ရင်းရင်းနှီးနှီး သီးခြားတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်နိုင်ခဲ့သည်။ ယခုခရီးစဉ်တွင် သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၁၂ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထပ်မံ၍လည်း ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များ ထပ်မံချုပ်ဆိုရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန် အစဉ်ရပ်တည် ထောက်ခံအားပေးကြသည့်နိုင်ငံများဖြစ်သည်။ မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာကိစ္စရပ်များတွင်လည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး နောင်အနာဂတ်တွင်လည်း နှစ်နိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ဆွေးနွေးသဘောတူခဲ့ကြသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် မိတ်ဆွေရင်း၊ မိတ်ဆွေစစ်နိုင်ငံများ ဖြစ်ကြပြီး အပြန်အလှန်နားလည်မှု၊ လေးစားမှုများနှင့် အခြေခံတည်ဆောက်ထားသည့် ဆက်ဆံရေးကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခဲ့သည်။ လွန်ခဲ့သည့်နှစ်များမှ စတင်ပြီး မြန်မာ-ရုရှားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အနီးကပ်ဆုံးနှင့် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့သည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင် အာကာသပူးပေါင်းဆောင်ရွက်မှုသည် ၂၀၂၅ ခုနှစ်မှစတင်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးခဲ့သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံအတွက် အရေးကြီးသည့်နယ်ပယ်ဖြစ်သည်။ နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့်စနစ်ဖြင့် သိပ္ပံပညာ၊ လူငယ်၊ ခရီးသွား၊ အားကစားသမားအများအပြား အပြန်အလှန်သွားလာနေကြသည်။ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် သဘာဝသယံဇာတရှာဖွေရေး၊ မြန်မာနိုင်ငံ ကမ်းလွန်အပါအဝင် ရေနံတူးဖော်ရေး ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိသည်။ ယခင်နှစ်က မြန်မာနိုင်ငံတွင် အဏုမြူဓာတ်အားပေးစက်ရုံတည်ဆောက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုစီမံကိန်းသည် နှစ်နိုင်ငံအတွက် အဓိကစီမံကိန်းဖြစ်သည်။ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း စီမံကိန်းအများအပြား ဆောင်ရွက်ရန် အလားအလာရှိသည်။

မြန်မာနိုင်ငံ တောင်ဘက်ပိုင်းတွင် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးကို ဆွေးနွေးနေသည်။ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်နယ်ပယ်၊ ဆိုက်ဘာလုံခြုံရေးစသည့် အဆင့်မြင့်နည်းပညာနယ်ပယ်များတွင် ရုရှားကုမ္ပဏီများ၏ အဆိုပြုချက်အစီအစဉ် အများအပြားရှိသည်။ နှစ်နိုင်ငံအကြား ဆွေးနွေးသဘောတူထားသည့် ကိစ္စရပ်များ၊ သဘောတူညီချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ကာ ရရှိပြီးဖြစ်သည့် တိုးတက်မှုများကို ထိန်းသိမ်းသွားရန်နှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်အတွက် ဆွေးနွေးသဘောတူညီနိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍများအပါအဝင် နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာ-ရုရှားနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် သံတမန်ဆက်ဆံရေး စတင်ထူထောင်နိုင်ခဲ့သည့်ကာလမှစ၍ မျက်မှောက်ကာလအထိ ကာလရှည်လျားစွာ ထဲထဲဝင်ဝင် ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ကာလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစွာ နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း။ ။

## မိတ္ထီလာမြို့နယ်၌ သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချ

မိတ္ထီလာ ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ရန်မျိုးအောင်ရပ်ကွက် သာသနာ့ဝေပုလ္လ ပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာဝိဇယဓမ္မဗိမာန်တွင် ကျင်းပသည်။

သင်တန်းတွင် ဝန်ဇင်းရပ်ကွက် ပဌမကျော်ဓမ္မာစရိယတိုက်သစ်ကျောင်းတိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာစာရက သင်တန်းတက်ရောက်မည့် ဝိနည်းဓိုရ် သံဃာတော်များအား ဩဝါဒမြွက်ကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အဆိုပါသင်တန်းအား နှစ်ရက်တာဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းနည်းပြနှင့် သင်တန်းသား သံဃာတော် ၅၇ ပါး တက်ရောက်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



## (၁၉-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၀.၈ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၇.၇ | ၁၂၅.၃ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၆,၈၇၂,၈၁၂.၄၅ | ၃,၄၄၀,၃၃၄.၅၁ | ၂၉,၂၀၃,၆၇၈.၃၈ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ၁၉ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၁,၅၀၃ | ၂၇,၈၀၅,၅၀၀ |
| MTSH | ၈,၅၀၀ | ၈,၅၀၀ | ၆၀၅ | ၅,၁၄၂,၅၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၅၀၀ | ၂၃ | ၃၀၂,၅၀၀ |
| FPB | ၆,၇၀၀ | ၆,၇၀၀ | ၃၀၅ | ၂,၀၄၃,၅၀၀ |
| TMH | ၃,၅၀၀ | ၃,၅၀၀ | ၁၀ | ၃၅,၀၀၀ |
| EFR | ၁,၉၅၀ | ၁,၉၀၀ | ၂,၁၄၂ | ၄,၀၇၉,၃၀၀ |
| AMATA | ၄,၁၀၀ | ၄,၀၀၀ | ၅၂ | ၂၁၁,၀၀၀ |
| MAEX | ၆,၇၀၀ | ၆,၇၀၀ | ၁,၁၉၆ | ၈,၀၁၃,၂၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၅၀၀ | ၁၂ | ၇၇,၀၀၀ |
| ASPGB(PLB) | ၆,၈၀၀ | ၆,၉၀၀ | ၅,၀၇၇ | ၃၄,၅၇၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။



ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံးအဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်အဆင့်မြင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်တို့နှင့် ပါမောက္ခချုပ်ရုံးခန်း၌ တွေ့ဆုံ၍ G.V. Plekhanov စီးပွားရေးတက္ကသိုလ်အနေဖြင့် စီးပွားရေးပညာရပ်များအပြင် သိပ္ပံနှင့် နည်းပညာဘာသာရပ်များ၊ ဒီဂျစ်တယ်နည်းပညာနှင့် AI နည်းပညာများ သင်ကြားပေးလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် G.V. Plekhanov စီးပွားရေးတက္ကသိုလ်တို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

ယင်းနောက် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့်ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာ အာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့် အဆင့်မြင့်နည်းပညာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Mogilevsky Konstantin Ilyich၊ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ထူးဆောင်ပါမောက္ခ ဘွဲ့တံဆိပ် အပ်နှင်းခြင်းနှင့်ပတ်သက်၍ ဘုတ်အဖွဲ့၏ သဘောထားဆန္ဒကို ရယူစဉ်။

အခမ်းအနားကို စတင်ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းတို့အား ဖွင့်လှစ်၍ အလေးပြုကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ထူးဆောင်ပါမောက္ခ ဘွဲ့တံဆိပ်အပ်နှင်းခြင်းနှင့် ပတ်သက်၍ ဘုတ်အဖွဲ့၏ သဘောထားဆန္ဒကို ရယူပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့် အဆင့်မြင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြရာတွင် ယနေ့ဘွဲ့နှင်းအခမ်းအနားတွင် ဘွဲ့အပ်နှင်းခြင်းဆိုင်ရာ ဘုတ်အဖွဲ့အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခ ဘွဲ့တံဆိပ် အပ်နှင်းခြင်းအပေါ် ဘုတ်အဖွဲ့အနေဖြင့် တညီတညွတ်တည်း ထောက်ခံခဲ့ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်တစ်ခုပင် ဖြစ်ပါကြောင်း၊ ထိုသို့ ထောက်ခံဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ပညာရေးကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့် မိမိတို့ ရုရှားနိုင်ငံသမ္မတကြီး မစ္စတာ ဗလာဒီမာပူတင်တို့ တွေ့ဆုံစဉ် ဆွေးနွေးပြောကြားခဲ့သကဲ့သို့ ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာ-ရုရှား ကဏ္ဍစုံ ပူးပေါင်း ဆောင်ရွက်ရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်နေပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများတွင် ပညာရေးပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံရှိ တက္ကသိုလ်များတွင် မြန်မာပညာတော်သင်များ နှစ်စဉ်လာရောက်သင်ကြားလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း မြန်မာပညာတော်သင်များကို ပညာတော်သင်ဆုများ နှစ်စဉ်တိုးမြှင့်ပေးအပ်လျက် ရှိနေပါကြောင်း၊ နှစ်နိုင်ငံအကြား ပညာရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာကိုလည်း ယမန်နှစ်က လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ခြင်းဖြင့် နှစ်နိုင်ငံရှိရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းသည်လည်း ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရှိရင်းစွဲဆက်ဆံရေးကို မိုမိုတိုးတက်ခိုင်မာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခ ဘွဲ့တံဆိပ် အပ်နှင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ပညာသင်ကြားခဲ့မှုနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များနှင့် နိုင်ငံတော်တာဝန်များကို အဆင့်ဆင့်ထမ်းဆောင်နိုင်ခဲ့မှု၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သာသနာရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် နိုင်ငံတကာဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ရရှိခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက္ကသိုလ်ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းရန်အတွက် ဘုတ်အဖွဲ့၏ အဆုံးအဖြတ်ကိုရယူပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကို အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထင်ရှားကျော်ကြားလှသည့် ပလက်ဟာနော့ဗ်ရုရှားစီးပွားရေးတက္ကသိုလ်မှ မိမိအား (Plekhanov Russian University of Economics) "ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့" ကို ပေးအပ်ချီးမြှင့်ခဲ့သည့် အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိသည်ကို ဦးစွာပြောကြားလိုကြောင်း။

**ပလက်ဟာနော့ဗ်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခြင်းသည် မိမိတစ်ဦးတည်းကို ဂုဏ်ပြုခြင်းမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးကိုပါ ဂုဏ်ပြုခြင်းဖြစ်သည်ဟု မှတ်ယူ**ပါကြောင်း၊ ယခုဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့သည် တစ်ဦးတစ်ယောက်၏ အသိအမှတ်ပြုခံရမှုမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပညာရေး၊ သုတေသနနှင့် အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရန်အတွက် တွန်းအားတစ်ရပ်ပင် ဖြစ်ကြောင်း။

ယခုပလက်ဟာနော့ဗ်တက္ကသိုလ်သည် ယနေ့တွင်သက်တမ်းအားဖြင့် (၁၁၈) နှစ်တိုင်တည်ရှိခဲ့ပြီး နိုင်ငံပေါင်း ၇၅ နိုင်ငံမှ နိုင်ငံတကာ ကျောင်းသားများ အပါအဝင် ကျောင်းသား ကျောင်းသူပေါင်း ၁၄၀၀၀ ကျော်ကို မွေးထုတ်ပေးခဲ့သည်ဟု သိရှိရပါကြောင်း၊ နိုင်ငံတကာနှင့်ပညာရပ်ဆိုင်ရာချိတ်ဆက်မှုများကို ခိုင်မာအားကောင်းစေရန်အတွက် အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ထင်ရှားသည့် ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ၊ ပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခဲ့ရုံမျှမက ထူးချွန်ထက်မြက်သည့်

စာမျက်နှာ ၄ သို့ ☆

❖ ပလက်ဟာနော့ဗ်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခြင်းသည် မိမိတစ်ဦးတည်းကို ဂုဏ်ပြုခြင်းမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးကိုပါ ဂုဏ်ပြုခြင်းဖြစ်သည်ဟု မှတ်ယူ

❖ ယခုဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့သည် တစ်ဦးတစ်ယောက်၏ အသိအမှတ်ပြုခံရမှုမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပညာရေး၊ သုတေသနနှင့် အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရန်အတွက် တွန်းအားတစ်ရပ်ပင်ဖြစ်

ကြေးမုံ



✰ စာမျက်နှာ ၃ မှ

ခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့သည့် တက္ကသိုလ်ကြီးဖြစ်ရာ ယခုကဲ့သို့ မိမိအနေဖြင့်လည်းအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့အပ်နှင်းမှုသည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နှစ်ကာလကြာရှည်စွာတည်ရှိနေခဲ့သည့် ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံပြည်သူများအကြား နွေးထွေးသည့် သံယောဇဉ်ကို ပိုမိုခိုင်မာစေသည့် ပြယုဂ်တစ်ခုလည်း ဖြစ်ကြောင်း၊ မြန်မာ-ရုရှား ဆက်ဆံရေးသည် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ကြောင်း၊ သမိုင်းကြောင်း တစ်လျှောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့်နီးကပ်သည့် ပူးပေါင်း ဆောင်ရွက်မှုများကို ထူထောင်ထားရှိနိုင်ခဲ့ရုံမျှမက ပိုမိုနက်ရှိုင်းသည့် စီးပွားရေး၊ နည်းပညာနှင့်ကဏ္ဍစုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးကဏ္ဍ၊ စွမ်းအင်၊ အာကာသနှင့် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသည့် ရည်ရွယ်ချက်ဖြင့် အသုံးပြုရေးတို့တွင် သိသာထင်ရှားသည့် တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံအကြား အပြန်အလှန် ခရီးစဉ်များနှင့် ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှုသည် အရှိန်အဟုန်ဖြင့် တိုးမြှင့်လျက်ရှိပြီး လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုနက်ရှိုင်းခိုင်မာလာကာ အမြင့်ဆုံးအဆင့်သို့ရောက်ရှိလာသည်ကို နှစ်ထောင်းအားရစွာ ပြောကြားလိုကြောင်း၊ မိမိကိုယ်တိုင်လည်း ယခုရုရှားနိုင်ငံ ခရီးစဉ်သည် (၁၄)ကြိမ်မြောက်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအသက်သွေးကြောသည် “ပညာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး” ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တာဝန် စတင်ထမ်းဆောင်ချိန်မှစပြီး ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးမူဝါဒတစ်ရပ်အဖြစ် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် အခြေခံပညာစနစ်ကို ပိုမိုခိုင်မာအောင် တည်ဆောက်ခြင်း၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်း၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် နည်းပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ၏ သင်ကြားနည်း စနစ်များကို နိုင်ငံတကာအဆင့်မီစေရန် ဘက်စုံမြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ၏အနာဂတ်ကို ပိုင်စိုးကြမည့် မျိုးဆက်သစ် မြန်မာနိုင်ငံသား လူငယ်လူရွယ်များ၏ အသိပညာ၊ အတတ်ပညာများ ပိုမိုတိုးတက်ပြည့်စုံစေရေးအတွက် ရုရှားနိုင်ငံအပါအဝင် ပြည်ပသို့ ပညာတော်သင်များ စေလွှတ်လျက်ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅ နှစ်အတွင်း ရုရှားနိုင်ငံသို့ မြန်မာပညာတော်သင် ၇၀၀၀ ကျော် စေလွှတ်တက်ရောက်စေခဲ့ကြောင်း၊ ရလဒ်အကျိုးဆက်အဖြစ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍပေါင်းစုံမှ တိုးမြှင့်ဆောင်ရွက်နိုင်သည့်အတွက် အဆွေတော်တို့ ရုရှားနိုင်ငံကို အထူးပင်ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်မှုတွင် သိပ္ပံ၊ နည်းပညာသာမက စီးပွားရေးပညာရှင်များ၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်နားလည်သူများ၊ ဥပဒေကျွမ်းကျင်နားလည်သူများ အများအပြားလိုအပ်ကြောင်း၊ ထို့ကြောင့် လွန်ခဲ့သည့် ၄ နှစ်မှစပြီး မြန်မာနိုင်ငံမှ ဝိဇ္ဇာ သိပ္ပံပညာသင် တက္ကသိုလ်အားလုံးတွင် ဝိဇ္ဇာဘွဲ့ (စီးပွားရေး)၊ ဝိဇ္ဇာဘွဲ့ (ဥပဒေ) သင်တန်းများ ဖွင့်လှစ်ခြင်း၊ ထူးချွန်ကျောင်းသား ပညာသင်ဆုများ ပေးအပ်ခြင်းများ ဆောင်ရွက်နေပါကြောင်း။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ကြောင်း၊ ယခင်က မူလတန်းပညာမသင်မနေရ သတ်မှတ်သင်ကြားစေလျက်ရှိသော်လည်း ယခု KG + 9 အလယ်တန်းပြီးသည်အထိ မသင်မနေရသတ်မှတ်ဆောင်ရွက်နေကြောင်း၊ ပညာရေး အသုံးစရိတ်များကိုလည်း နိုင်ငံဘဏ္ဍာငွေခွဲဝေရာတွင် ၁၀ ရာခိုင်နှုန်းအထိ သတ်မှတ် သုံးစွဲလျက်ရှိပါကြောင်း။

ပညာရေးအားနည်းသည့် ဒေသများအတွက် အထူးစီမံချက်များ ချမှတ်ပြီး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ကာ ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်ပညာသင် တက္ကသိုလ်အဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ခြင်းဖြင့် ပညာရေးကဏ္ဍကို အထူးမြှင့်တင်အားပေး ဆောင်ရွက်နေပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ပညာရပ်ဆိုင်ရာ ဖလှယ်မှုများ၊ သုတေသန ပူးပေါင်းဆောင်ရွက်မှုများနှင့် ပညာတော်သင် စေလွှတ်မှုများကဲ့သို့ ပညာရေးပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုကြောင်း။

မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အားပေးကူညီ ထောက်ခံမှုများနှင့် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုများ အတွက်လည်း ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိသည်ကို မိမိအနေဖြင့် ပြောကြားလိုကြောင်း။

ပလက်ဟာနော့ဗ် ရုရှားစီးပွားရေးတက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လည်းကောင်း၊ အခြားသော ဖွံ့ဖြိုးရေးကဏ္ဍများတွင်လည်းကောင်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ပလက်ဟာနော့ဗ်ရုရှားစီးပွားရေးတက္ကသိုလ်က အပ်နှင်းသည့် ဒီဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကိုလည်း အထူးတန်ဖိုးထားသည်ကို ပြောကြားလိုကြောင်း။

ပလက်ဟာနော့ဗ် ရုရှားစီးပွားရေးတက္ကသိုလ်ကြီး ဆက်လက်တိုးတက် အောင်မြင်ပါစေကြောင်းနှင့် ပါမောက္ခချုပ်ကြီးအပါအဝင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ အားလုံးနှင့် ကြွရောက်လာကြသူ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ရုရှားဖက်ဒရေးရှင်းအစိုးရနှင့် ပြည်သူများ လူမှုစီးပွားဘဝ သာယာဝပြောတိုးတက်ပါစေကြောင်း၊ မြန်မာ-ရုရှားချစ်ကြည်ရေး အစွန့်ရှည်တည်တံ့စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ တက္ကသိုလ်ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်သမ္မတထံ G.V. Plekhanov စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ်က ဂုဏ်ထူးဆောင် ပါမောက္ခအဆောင်အယောင်စလွယ်အား တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ တက္ကသိုလ်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။

**ယခုကဲ့သို့ ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့အပ်နှင်းမှုသည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ အကြား နှစ်ကာလကြာရှည်စွာ တည်ရှိနေခဲ့သည့် ချစ်ကြည် ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံ ရေး၊ ပူးပေါင်းဆောင်ရွက်မှု များနှင့် နှစ်နိုင်ငံပြည်သူများ အကြား နွေးထွေးသည့် သံယောဇဉ်ကို ပိုမိုခိုင်မာစေ သည့် ပြယုဂ်တစ်ခုလည်းဖြစ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၁၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၅) ပါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့ မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးတွဲကြေညာချက်များနှင့် အပြန်အလှန်ပြောကြားချက်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ပြောကြားချက် ကော်လံ (၂)ပါ ကျောင်းသား ကျောင်းသူ (၁၇၀၀၀) အစား (၇၀၀၀)နှင့် ကော်လံ (၃) ပါ ဒူးမားပြည်နယ်အစား Tuva ပြည်နယ် ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **သတင်းစဉ် စာတည်းအဖွဲ့**

**❍ ညောင်တုန်းမြို့နယ်မှ**

ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ညောင်တုန်းကျွန်းပတ်တာ၊ ပန်းလှိုင်ရေထိန်းတံခါး ကြံ့ခိုင်မှုနှင့် ရေတံခါး၏ ရေစီးဝင်လမ်းကြောင်း တူးဖော်ရှင်းလင်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေတံခါးများ ကြံ့ခိုင်လုံခြုံမှုရှိစေရေး ပုံမှန်စစ်ဆေးထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊ ရေတံခါး အဖွင့်အပိတ်ဆိုင်ရာ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ရေများ မြင့်တက်လာမှုကြောင့် ရေဘေးကာကွယ်ရေးတာများ၏ကြံ့ခိုင်မှု၊ ရေဘေးကာကွယ်ထားရှိမှုနှင့် ပန်းတနော်မြို့နယ်ရှိ ဇောဓိရေတံခါးကြံ့ခိုင်မှု၊ သရက်ချောင်း-မင်းဆယ်တာ တာမိုင်(၂/၄)ကြံ့ခိုင်မှုနှင့် ဆယ်နှစ်ရွာရေကင်းစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာတမံကြံ့ခိုင်မှုအခြေအနေကို နေ့ညမပြတ်စစ်ဆေးရန်၊ ရေဘေးကာကွယ်ရေးတာများ ရေပေါက်၊ ထူးပေါက်များဖြစ်ခြင်း၊ တာအိတာလျှောဖြစ်ခြင်းနှင့် ရေစိမ့်ထွက်ခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရန်၊ တာလုပ်သားများ၏ လုပ်ငန်းခွင်ဘေးကင်းရေး ဂရုစိုက်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရေး ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကျင်းပ၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား

## နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို အခြေပြုပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်နွယ်မှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အနာဂတ်မျှော်မှန်းချက်များအတွက် အဓိကကျသည့် အင်အားများဖြစ်

နေပြည်တော် ဩဂုတ် ၁၉

၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင် အဖွင့်အမှာစကားပြောကြားစဉ်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စု ဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov၊ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် Mr. LOBANOV Ivan Vasilyevich၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာ-ရုရှား နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် Mr. LOBANOV Ivan Vasilyevich၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရန် ရည်ရွယ်ကျင်းပသည့် ယခုကဲ့သို့ အခမ်းအနားတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိကြောင်း၊ ယခုခရီးစဉ်သည် မြန်မာ – ရုရှား နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း။

**မြန်မာ – ရုရှား နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေး**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၄၅ ရက်အကြာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်ကပင် မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး စတင် ထူထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၈ ခုနှစ်တွင် နှစ်(၈၀) ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ပထဝီအနေအထားအရ သမုဒ္ဒရာများ၊ တိုက်ကြီးများဖြင့် ခြားထားသော်လည်း နှစ်နိုင်ငံအပြန်အလှန်နားလည်မှု၊ မဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ အပေါ်အခြေခံ၍ နီးကပ်သော ဆက်ဆံရေး တည်ဆောက်ခဲ့ကြသည်မှာ စိန်ရတု အထိမ်းအမှတ်ကိုပင် ကျော်လွန်ခဲ့ပြီ ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နှစ်ပေါင်းများစွာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးချစ်ကြည်မှုတို့ဖြင့် ထိန်းသိမ်း မြှင့်တင်ခဲ့ကြရာ မျက်မှောက်ကာလ နှစ်နိုင်ငံဆက်ဆံရေးသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးတက်ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် နှစ်နိုင်ငံအစိုးရများအကြား ဆက်ဆံရေးသာမက ပြည်သူများနှင့် စီးပွားရေး အသိုက်အဝန်းများ အကြား အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကိုပါ ပိုမိုတိုးချဲ့ဆောင်ရွက်သွားနိုင်မည့် အလားအလာများစွာရှိနေပါကြောင်း။

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးသည် Supply Chain ပြောင်းလဲမှုများ၊ နည်းပညာတိုးတက်မှုများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကြောင့် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လျက်ရှိပါကြောင်း၊ ရုရှား – မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့ပထဝီစီးပွားရေး စိန်ခေါ်မှုများ မြင့်မားနေသည့် ကာလအတွင်းမှာပင် အပြန်အလှန်နားလည်ယုံကြည်မှုတို့ဖြင့် နိုင်ငံတကာမျက်နှာစာတွင် ခိုင်မာစွာ ပူးပေါင်း ဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို အခြေပြုပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်နွယ်မှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အနာဂတ်မျှော်မှန်းချက်များအတွက် အဓိကကျသည့် အင်အားများဖြစ်ပါကြောင်း။

နှစ်နိုင်ငံ ကုန်သွယ်မှုအနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံက ထွက်ရှိသည့် သရက်သီးအနှစ်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ အဝတ်အထည်များကို ရုရှားနိုင်ငံသို့ အဓိက တင်ပို့ရောင်းချနေသလို ရုရှားနိုင်ငံက စက်သုံးဆီနှင့် ဓာတ်မြေဩဇာများကို အဓိက တင်သွင်းနေပါကြောင်း၊ ထို့ပြင် မြန်မာ့ထွက်ကုန်များ ဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံကထွက်ရှိသည့် မြန်မာပေါ်ဆန်းသည် ဈေးကွက်ဝင်ထိပ်တန်း ဆန်အမျိုးအစားဖြစ်ပါကြောင်း။

လက်ရှိတွင် ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စက်မှုကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၃၅၉ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် လယ်ယာကဏ္ဍ၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ စက်မှုလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့တွင် ပိုမိုနက်ရှိုင်းသည့် ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားရန် ယုံကြည်ချက်ရှိပါကြောင်း။

**မြန်မာနိုင်ငံ၏ အချက်အလက်များ**

မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ပေးသည့် မဟာဗျူဟာကျသည့် နေရာတွင် တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရသာမက စီးပွားရေးအရလည်း အလွန်အရေးပါသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်းကို ပထမဦးစွာ မိတ်ဆက်ပေးလိုပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သလို တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် လူဦးရေ ၅၁ သန်းကျော်ရှိပြီး ရုရှားနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိပါကြောင်း၊ အုပ်ချုပ်ရေး မြို့တော်အဖြစ် နေပြည်တော်ကို သတ်မှတ်ထားပြီး ပင်လယ်နှင့် ပိုမိုနီးသည့် ရန်ကုန်မြို့သည် စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသည့် စီးပွားရေးမြို့တော် ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍအနေဖြင့် မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြားရှိသည့် လူဦးရေသည် တစ်နိုင်ငံလုံး လူဦးရေ၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်းရှိသည့်အတွက် အလုပ်လုပ်နိုင်သည့် လူသားအရင်းအမြစ်များစွာရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် ၂၀၀၁ ခုနှစ်က စတင်ပြီး မြန်မာကျောင်းသား ၇၀၀၀ ကျော်ကို နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာ၊ စီမံခန့်ခွဲမှုစသည့် ပညာရပ်များ သင်ကြားပေးခဲ့သည့်အတွက် နိုင်ငံတည်ဆောက်ရေးတွင် လိုအပ်သည့် လူသားအရင်းအမြစ်များ ရှိနေပါကြောင်း။

မြန်မာနိုင်ငံသည် ပူအိုက်စွတ်စိုသည့် မုတ်သုံရာသီရှိသည့် ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ၁၂ လ ရာသီပတ်လုံး ဆောင်ရွက်နိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသလို အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် မြေအောက်သယံဇာတကို အခြေခံပြီး သန့်စင်ထားသည့် တန်ဖိုးမြှင့်သတ္တုထုတ်ကုန်များကိုလည်း ထုတ်လုပ်နိုင်ပါကြောင်း။ စာမျက်နှာ ၆ သို့ ❍

- လက်ရှိတွင် ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စက်မှုကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၃၅၉ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်
- အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် လယ်ယာကဏ္ဍ၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ စက်မှုလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့တွင် ပိုမိုနက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားရန် ယုံကြည်ချက်ရှိ

○ စာမျက်နှာ ၅ မှ

မြန်မာနိုင်ငံတွင် ကြေးနီ၊ ရွှေ ငွေနှင့် အခြားသတ္တုပစ္စည်းများ ထွက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဒေသတချို့တွင်လည်း ကျောက်မီးသွေး ထွက်ရှိသည့်အတွက် ကျောက်မီးသွေးကို အခြေခံသည့် လျှပ်စစ်ဓာတ်အားနှင့် မြေဩဇာထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ပါကြောင်း။

**အခြေခံအဆောက်အအုံ ပြင်ဆင်ထားရှိမှု**

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်း တစ်ခု ဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့အောင် ပြုပြင်ပြောင်းလဲရန်၊ သင့်တော်သည့် မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးအားပေး ဖိတ်ခေါ်လျက်ရှိနေပြီး ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှု ရှိစေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကိုလည်း အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း၊ နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးနေပါကြောင်း ဥပမာ – လျှပ်စစ်သုံးယာဉ်(EV)များ တိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်ခွန်နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိရာ မြန်မာဒီဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိပါကြောင်း။

**ဈေးကွက်အလားအလာ**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကုန်းမြေတွင် ခိုင်မာသည့် ပြည်တွင်းဈေးကွက် ရှိသည့်အပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အာဆီယံနိုင်ငံများ၏ ကြီးမားသည့် နိုင်ငံတကာ ဈေးကွက်ထဲကို ကုန်းလမ်းကြောင်းသာမက ဘင်္ဂလားပင်လယ်အော်နှင့် မုတ္တမပင်လယ်ကွေ့ တစ်လျှောက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ ဆိပ်ကမ်းများကတစ်ဆင့်လည်း ဝင်ရောက်နိုင်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူထားသည့် မဟာဗျူဟာမြောက် တစ်ခုတည်းသော ကုန်းလမ်း သယ်ယူပို့ဆောင်ရေး ဗဟိုချက်/ဆုံချက် (Choke Point) လည်း ဖြစ်ပါကြောင်း။

ကမ္ဘာ့အကြီးဆုံး ဈေးကွက်များဖြစ်သည့် လူဦးရေ ၁ ဒသမ ၄၇ ဘီလီယံရှိသည့် အိန္ဒိယနိုင်ငံနှင့် လူဦးရေ ၁ ဒသမ ၄၁ ဘီလီယံရှိသည့် တရုတ်နိုင်ငံအပြင် လူဦးရေ သန်း ၆၈၀ ကျော်ရှိသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် အာရှ ဈေးကွက်နှစ်ခုကို တံတားသဖွယ် ဆက်သွယ်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသည် နေပြည်တော်ကို ဗဟိုပြုပြီး ကီလိုမီတာ ၄၀၀၀ အချင်းရှိသည့် စက်ဝိုင်းဆွဲကြည့်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ဖြစ်သော ၄ ဘီလီယံခန့်၏ အလယ်တွင် တည်ရှိနေသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

ဒေသတွင်း ဆက်သွယ်မှု လမ်းကြောင်းများ ဖြစ်သည့် အိန္ဒိယ– မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး၊ အာဆီယံ အဝေးပြေးလမ်းကွန်ရက်၊ အရှေ့အနောက် စီးပွားရေးစင်္ကြံ၊ တရုတ်–မြန်မာ စီးပွားရေးစင်္ကြံတို့၏ အလယ်ဗဟိုတွင် တည်ရှိနေပါကြောင်း၊ ပထဝီအနေအထားအရ ဒေသတွင်းအရေးပါသည့် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၊ လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့နှင့် BIMSTEC အဖွဲ့များတွင် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့တွင် ဆွေးနွေးဖက်နိုင်ငံအဖြစ် လည်းကောင်း ပါဝင်လျက်ရှိပါကြောင်း။

ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များထဲက တစ်ခုဖြစ်သည့် Regional Comprehensive Economic Partnership (RCEP) တွင် မြန်မာနိုင်ငံပါဝင်နေသည့်အတွက် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ စသည့် နိုင်ငံများနှင့် ကုန်သွယ်ရေး ချိတ်ဆက်မှု အခွင့်အလမ်းများလည်း ပိုင်ဆိုင်ထားပါကြောင်း။

**မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ**

နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးလိုပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာ များစွာရှိသလို သဘာဝသယံဇာတနှင့် ရေချို၊ ရေငန် သဘာဝအရင်းအမြစ် ပေါကြွယ်ဝပါကြောင်း၊ ထို့ပြင် ကြက်၊ ဝက်၊ အမဲသား ထုတ်လုပ်မှုအတွက် ရေမြေအခြေခံကောင်းများလည်း ရှိနေပါကြောင်း၊ မွေးမြူရေး ထုတ်ကုန်များကို ရုရှားနိုင်ငံသို့ တင်ပို့၍ရသလို အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကိုလည်း တင်ပို့နိုင်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ဆုတံဆိပ်(Medal of Merit) ချီးမြှင့်ပေးအပ်စဉ်။

ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် မူဝါဒချမှတ်အကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ တည်နေရာ အားသာချက်များကို အခြေပြုပြီး စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုနိုင်ငံအဖြစ် ဦးတည်ဖော်ဆောင်နေပါကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးရေးသုံး စက်ယန္တရားများ၊ မျိုးစေ့ထုတ်လုပ်မှုနည်းပညာနှင့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် ကြက်၊ ဝက်၊ နွားမွေးမြူရေး လုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများစွာရှိနေပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံသည် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဖိတ်ခေါ် နေပါကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေး လုပ်ငန်းများနှင့်ပူးပေါင်း၍ လယ်ယာအခြေခံသွင်းအားစု ထုတ်လုပ်ခြင်း၊ စားသုံးဆီ၊ စားသောက်ကုန်၊ ရေထွက်ကုန် ပြုပြင်ထုတ်လုပ်ခြင်း စသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှု စက်ရုံများ တည်ထောင်ခြင်း၊ စက်ရုံများနှင့် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ယန္တရားများ ထုတ်လုပ်ခြင်းနှင့် နည်းပညာအခြေပြု စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း၊ အလားတူ ဆက်စပ်လုပ်ငန်းများဖြစ်သည့် အအေးခန်းသိုလှောင်ရုံများနှင့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများရှိပါကြောင်း။

အထူးသဖြင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာ–ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အဓိကကျသည့် အစိတ်အပိုင်းအဖြစ် ရှိနေဆဲဖြစ်ပါကြောင်း၊ ရေနံတူးဖော်ထုတ်လုပ်ခြင်း၊ ရေနံသန့်စင်ထုတ်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်းများနှင့် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အထောက်အပံ့ကောင်းများ ရှိနေပါကြောင်း။

ထို့ပြင် ရေအားလျှပ်စစ်ထုတ်ယူမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် ထုတ်ယူနိုင်သည့် အဓိကမြစ်ကြီး လေးခုဖြစ်သည့် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ် အပါအဝင် မြစ်ချောင်း ၁၀၀၀ ကျော်ရှိပြီး နှစ်စဉ် မုတ်သုံမိုးရွာသွန်းမှုသည် မီလီမီတာ ၂၀၀၀ မှ ၅၀၀၀ အကြားရှိသည့်အတွက် ရေအားလျှပ်စစ် ထုတ်ယူရန် အလားအလာကောင်းများ ရှိနေပါကြောင်း၊ သုတေသနပြုချက်များအရ ရေအားလျှပ်စစ်ထုတ်ယူနိုင်မှု အလားအလာအနေဖြင့် ၁၀၀ ဂစ်ဂါဝပ်ရှိပြီး စီးပွားဖြစ် ထုတ်ယူနိုင်မှု အလားအလာ အနေဖြင့် ၄၀–၅၀ ဂစ်ဂါဝပ် ဖြစ်ပါကြောင်း။

နေရောင်ခြည် စွမ်းအင်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် မြောက်လတ္တီကျူ ၉ ဒီဂရီနှင့် ၂၈ ဒီဂရီအကြား ရှိသည့်အတွက် နေရောင်ခြည် လုံလောက်စွာရရှိသည့် "အပူပိုင်းဒေသ နေရောင်ခြည် ခါးပတ်ကွင်း" အတွင်း ကျရောက်နေသလို နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရန်အတွက် အလားအလာ အကောင်းမွန်ဆုံးဒေသတွင် ရှိနေပါကြောင်း၊ နေရောင်ခြည် စွမ်းအင်သုံးပြီး တစ်နှစ်ကို လျှပ်စစ်ဓာတ်အား ၅၁၉၇၃ ဒသမ ၈ တယ်ရာဝပ်နာရီ (TWh/year) အထိ ထုတ်လုပ်နိုင်စွမ်းရှိပါကြောင်း။

အထူးသဖြင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး စသည့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းများသည် ဆိုလာစွမ်းအင်ကို တစ်နှစ်ပတ်လုံး အမြင့်ဆုံး ထုတ်ပေးနိုင်သည့် နေရာများဖြစ်ပါကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းသည် မြန်မာ – ရုရှား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့နိုင်မည့် အလားအလာကောင်းသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တောတောင် ရေမြေ၊ သဘာဝအလှအပ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ထူးခြားသည့်ခရီးစဉ်ဒေသများသည် ရုရှားခရီးသွားများကိုသာမက နိုင်ငံတကာမှ ခရီးသွားများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းရှိပါကြောင်း။

နေပြည်တော်တွင် ရှိသည့် ကမ္ဘာ့ဉာဏ်တော် အမြင့်ဆုံး မာရဝိဇယ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီများ၊ ရန်ကုန်မြို့တွင်ရှိသည့် ထင်ရှားကျော်ကြားသော ရွှေတိဂုံစေတီတော်၊ ပဲခူးမြို့တွင်ရှိသည့် တောင်ငူခေတ် ကမ္ဘောဇသာဒီနန်းတော်ရာ၊ မန္တလေးမြို့တွင်ရှိသည့် ကုန်းဘောင်ခေတ် မြနန်းစံကျော်ရွှေနန်းတော်ကြီး စသည်ဖြင့် လေ့လာလည်ပတ်စရာနေရာများစွာ ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတွင် ငပလီ၊ ချောင်းသာ၊ ငွေဆောင်ကမ်းခြေတို့ ကဲ့သို့ ထင်ရှားသည့် ပင်လယ်ကမ်းခြေများရှိပြီး ရာသီဥတုမျှတကောင်းမွန်သည့် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ကာလများသည် လာရောက်လည်ပတ်အနားယူရန် အကောင်းဆုံးအချိန်များပင် ဖြစ်ပါကြောင်း။

အမျိုးသားအမွေအနှစ်နယ်မြေများဖြစ်သည့် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး၊ ပုဂံ၊ အင်းဝ စသော ရှေးဟောင်းယဉ်ကျေးမှု နေရာများသည် အေဒီ ၄ ရာစုမှ ၉ ရာစုနှစ်အတွင်း သမိုင်းအစဉ်အလာကြီးမားပြီး စိတ်ဝင်စားဖွယ် ယဉ်ကျေးမှုဓလေ့များ၊ လှပသည့် ရှုခင်းရှိရာနေရာများ ဖြစ်သည့်အတွက် လာရောက်လေ့လာနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါကြောင်း။

ပြည်ဝင်ခွင့်နှင့် ပတ်သက်ပြီး ရုရှား–မြန်မာ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ အတွက် ရက်ပေါင်း ၉၀ ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ရရှိစေမည့် အပြန်အလှန် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် စတင်အသက်ဝင်ပြီး အလုပ်လုပ်ကိုင်ရန်၊ စာပေလေ့လာသင်ကြားရန်၊ အမြဲတမ်းနေထိုင်ရန်စသည့် ရည်ရွယ်ချက်များမှအပ ခရီးသွားလည်ပတ်သူများအတွက် ရက်ပေါင်း ၃၀ ဗီဇာကင်းလွတ်ခွင့်ဖြင့် နေထိုင်ခွင့်ရရှိမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၇ သို့ ○

❍ စာမျက်နှာ ၆ မှ

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးဝန်းကျင်တွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု အားကောင်းနေပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မြန်မာနိုင်ငံ၏အနာဂတ်စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းတွင် ရင်းနှီးမြှုပ်နှံခြင်းပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အိုင်စီတီနည်းပညာကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး အိုင်စီတီ နည်းပညာဆိုင်ရာ အချက်အချာ ဒေသတစ်ခုဖြစ်သည့် ရတနာပုံဆိုက်ဘာ စီးတီး စီမံကိန်းကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပြင်ဦးလွင်မြို့အနီးတွင် ဖွင့်လှစ်ထားကြောင်း ပြောကြားလိုပါကြောင်း။

ပြင်ဦးလွင်မြို့သည် သင့်တင့်မျှတသည့်ရာသီဥတု၊ သာယာလှပသည့် ပတ်ဝန်းကျင်များရှိသည့်အတွက် အနားယူအပန်းဖြေစရာ တောင်ပေါ်မြို့တော်ဟု ထင်ရှားသည့်အပြင် စီးပွားရေးအချက်အချာကျသည့် မန္တလေးမြို့နှင့် မနီးမဝေးရှိပြီး ရာသီမရွေး သွားလာနိုင်သည့် ကားလမ်းများနှင့် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်လည်း ဖွင့်လှစ်ပြီးဖြစ်သည့်အတွက်ကြောင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါကြောင်း။

ရတနာပုံဆိုက်ဘာစီးတီးတွင် မြန်မာနိုင်ငံ၏အဓိကအင်တာနက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ဗဟိုဌာနတစ်ခုကို Yadanarpon Teleport က တည်ဆောက် ထားပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် စီမံကိန်းဧရိယာသည် ၄၀၄၇ ဟက်တာခန့် ကျယ်ဝန်းသည့်အတွက်ကြောင့် အိုင်တီလုပ်ငန်းသစ်(Startups)များနှင့် ဆော့ဖ်ဝဲရေးသားသည့် ကုမ္ပဏီများအတွက် ရုံးခန်းများ၊ လုပ်ငန်းစတင်ပျိုးထောင်ရေး ဗဟိုဌာနများ၊ ပညာရေးဇုန်ဖြစ်သည့် နည်းပညာ တက္ကသိုလ်များနှင့် လေ့ကျင့်ရေး သင်တန်းကျောင်းများ ထည့်သွင်းဆောင်ရွက်လျက် ရှိပါကြောင်း။

နည်းပညာနှင့် ပတ်သက်သည့် ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် High-Tech Zone အဖြစ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေမည့် နည်းပညာနှင့် ဝန်ဆောင်မှုအခြေပြု ထုတ်လုပ်မှုဇုန်ကိုလည်း ထည့်သွင်းသတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် အစိုးရ ဝန်ဆောင်မှုများအား ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေး နည်းပညာ၊ ဉာဏ်ရည်တု AI အသုံးချမှုများ၊ ဒီဂျစ်တယ်ငွေပေးချေမှု စနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေး ဝန်းကျင်ဖော်ဆောင်ရေးတို့တွင် စိတ်ပါဝင်စားသည့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ပါကြောင်း ဖိတ်ခေါ်လိုပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာစီးပွားရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

အဆွေတော်တို့ အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ သာမကလယ်ယာ ပေါင်းစည်းဇုန်များ၊ စက်မှု စီမံကိန်းများလည်း ထူထောင် ဆောင်ရွက်နိုင်ပါကြောင်း၊ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်ပြီး အဆွေတော်တို့ သိရှိကြသည့်အတိုင်း မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန် အနေဖြင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များ ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်ပြီး ပင်လယ်ရေကြောင်းရှိသည့်အတွက် ပို့ကုန်ဦးစားပေးလုပ်ငန်းများနှင့် ကုန်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အကောင်းဆုံး ရွေးချယ်မှု ဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းပြီး စတင်အကောင်အထည်ဖော်နေသည့် ထားဝယ် အထူးစီးပွားရေးဇုန်သည် အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါသည့်နေရာ ဖြစ်လာလိမ့်မည် ဖြစ်ပါကြောင်း၊ အဆိုပါ စီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြရန် ဖိတ်ခေါ်လိုပါကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေး စီမံကိန်းအပြင် LNG Terminal၊ ရေနံချက်စက်ရုံ၊ ဓာတ်အားပေးစက်ရုံများနှင့် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် အဆောက်အအုံ အဆင့်မြှင့်တင်ရေး စီမံကိန်းများသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ မဟာဗျူဟာမြောက် စီမံကိန်းများ ဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ အရေးပါသည့် သတ္တုသယံဇာတများနှင့် သဘာဝ အရင်းအမြစ်များကို ခေတ်မီတူးဖော်ရေး နည်းပညာများ အသုံးပြုထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့် ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ပြည်တွင်းလုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ မြန်မာ-ရုရှား စီးပွားရေး ဖက်စပ်လုပ်ငန်းများ ဖော်ဆောင်ခြင်း အားဖြင့် ပြည်တွင်း ထောက်ပံ့ရေးကွင်းဆက်များကို ဖွံ့ဖြိုးတိုးတက်စေနိုင်သလို ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်များသို့ ထုတ်ကုန်များ ပိုမိုတင်ပို့နိုင်မည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း။

**ငွေကြေးစီးဆင်းမှု ချောမွေ့စေရေး ဆောင်ရွက်မှု**

ဘဏ်လုပ်ငန်း၊ ငွေကြေး လဲလှယ်မှုနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် မြန်မာနိုင်ငံ၏ အစိုးရဘဏ် ၇ ခုနှင့် ပုဂ္ဂလိကဘဏ် ၂၅ ခုတို့သည် နိုင်ငံတကာဘဏ်များ၊ အဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပ ငွေကြေး လဲလှယ်မှုများကို ဆက်သွယ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းနှင့် ငွေပေးချေမှုစနစ်များ ပိုမိုလွယ်ကူချောမွေ့စေရန် လုပ်ငန်းရှင်များအကြား တိုက်ရိုက်ပူးပေါင်း ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ရုရှားနိုင်ငံ၏ ငွေပေးချေမှုစနစ်ဖြစ်သည့် Mir Card System ကို မြန်မာနိုင်ငံ၏ Myanmar Payment Union (MPU) ကွန်ရက်နှင့် တိုက်ရိုက် Host-to-Host ချိတ်ဆက် ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် ရုရှားခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံအတွင်း Mir Card များ အသုံးပြုပြီး ဘဏ်များ၊ ATM စက်များတွင် ငွေထုတ်ယူခြင်း၊ စတိုးဆိုင်နှင့် ဟိုတယ်တို့တွင် လွယ်ကူစွာ ငွေပေးချေခြင်းတို့ ပြုလုပ်နိုင်ပြီ ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုကို လွယ်ကူချောမွေ့စေပြီး စီးပွားရေးလုပ်ငန်းများအတွက် ငွေလွှဲပြောင်းမှု ကုန်ကျစရိတ်များ လျှော့ချနိုင်ရန် ကျပ်-ရူဘယ် တိုက်ရိုက်အသုံးပြု ငွေပေးချေမှုများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါစနစ်သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အားကောင်းရန် အထောက်အကူ ပြုစေနိုင်မည် ဖြစ်ပါကြောင်း။

ထို့အတူ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံ ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရန်အတွက် မြန်မာ-ရုရှားကုန်သွယ်ရေးရုံးများ တည်ထောင်နိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာအနေဖြင့် ရုရှားနှင့်နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ခြင်းအပြင် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU)နှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် ထုတ်လုပ်မှုကဏ္ဍများအတွက် ဈေးကွက်အသစ်များ ဖော်ဆောင်နိုင်ခြင်းဖြင့် မြန်မာ ထုတ်ကုန်များ ယူရေးရှား ဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် မြန်မာနှင့်ရုရှား နှစ်နိုင်ငံတို့အကြား ချုပ်ဆိုထားသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်သည် ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်တွင် အသက်ဝင်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကိုလည်း ၂၀၂၆ ခုနှစ် ဇွန် ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့အတူပင် မြန်မာနိုင်ငံအတွင်း ပြည်တွင်းထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့် ဥပဒေ(၄)ရပ်နှင့် အညီလည်း အကာအကွယ်ပေးနေပြီ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် နည်းပညာ လွှဲပြောင်းရယူခြင်း၊ အရည်အသွေးမြင့် အလုပ်အကိုင်များဖန်တီးခြင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းကို အလေးထားပြီး အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း မူဝါဒနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသွားမည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုပါကြောင်း။

**အောင်မြင်နိုင်မည့် အလားအလာ**

မိမိတို့ မြန်မာနိုင်ငံသည် လုပ်သားအင်အား အများအပြားရှိပြီး စိုက်ပျိုးမြေ ဧက ၃၃ သန်းကျော်ရှိပါကြောင်း၊ ထို့အပြင် ကောင်းမွန်သည့် မြေဆီလွှာ၊ မျှတသည့် ရာသီဥတုကိုလည်း ပိုင်ဆိုင်ထားသည့် နိုင်ငံလည်းဖြစ်သည့်အတွက်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖြစ်ထွန်းသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ ရှည်လျားသည့် ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားခြင်းကြောင့် ရေချိုရေငန် မွေးမြူရေးများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီး ဒေသတွင်း နိုင်ငံများနှင့် အိမ်နီးချင်း ဈေးကွက်များကို တင်ပို့ရောင်းချနိုင်ပါကြောင်း။

ထို့အပြင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုများလည်း ထွက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ စက်မှုနည်းပညာထွန်းကားသည့် နိုင်ငံဖြစ်ပြီး နည်းပညာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ ဓာတ်သတ္တုတူးဖော်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ၊ နည်းပညာဆိုင်ရာကဏ္ဍတွင်လည်း ခေတ်နှင့်အညီ တိုးတက်နေသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ မဟာဗျူဟာကျသော တည်နေရာနှင့် ရုရှားနိုင်ငံ၏ နည်းပညာ၊ အတွေ့အကြုံတို့ ပေါင်းစပ်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ပြီး အပြန်အလှန် အကျိုးပြုသော စီးပွားရေးအောင်မြင်မှုများရရှိနိုင်မည့် အလားအလာကြီးမားကြောင်း မိမိအနေဖြင့် အလေးအနက် ယုံကြည်မိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံကို ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးခရီးလမ်းတွင် ယုံကြည်စိတ်ချရသော မဟာဗျူဟာမြောက် စီးပွားရေးမိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား "ယုံကြည်မှုကို အခြေခံတဲ့ မိတ်ဖက်ဆက်ဆံရေး၊ နည်းပညာကိုအခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန် အကျိုးပြုသော အနာဂတ်"ကို အတူတကွ တည်ဆောက်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် နည်းပညာကုမ္ပဏီများအား မြန်မာနိုင်ငံကို လာရောက်ပြီး ရင်းနှီးမြှုပ်နှံရန်၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်ကြရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းလာသည်နှင့် အမျှ နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော၊ ခိုင်မာအားကောင်းသော၊ အပြန်အလှန် အကျိုးပြုသော စီးပွားရေးဖွံ့ဖြိုးမှုကို လက်တွဲဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ဆုတံဆိပ် (Medal of Merit)အား ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား တက္ကသိုလ် Situation Center ၌ တက္ကသိုလ်အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လူဦးရေနှင့် GDP ဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေး ရသုံးငွေစာရင်း အချက်အလက်များ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းများ စသည်ဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများ၊ ဈေးကွက်အနိမ့်အမြင့်များကို သတင်းအချက်အလက် လေ့လာဆန်းစစ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံမှရရှိသည့်အချက်အလက်များကိုအခြေခံ၍ မြန်မာနိုင်ငံ၏ လူဦးရေ၊ ပထဝီဝင်အနေအထားနှင့် ဒေသအလိုက်ဝင်ငွေထွက်ငွေများကို ခန့်မှန်းတွက်ချက် ဆောင်ရွက်နိုင်မှု၊ တက္ကသိုလ်မှ ထုတ်လုပ်ထားရှိသည့် အနိမ့်ပျံဂြိုဟ်တုများ၏ စက်အစိတ်အပိုင်းများနှင့် ပင်လယ်ရေကြောင်း သွားလာမှုများကို ဒေသအလိုက် တိုက်ရိုက်ကြည့်ရှုနိုင်မှုနှင့် သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်ကြားရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ IT နည်းပညာနှင့် ပတ်သက်၍ တက္ကသိုလ်များအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ဆန်းစစ်ခြင်း နည်းပညာများနှင့် ပတ်သက်၍ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် G.V. Plekhanov စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ်ထံ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် G.V. Plekhanov စီးပွားရေး တက္ကသိုလ်မှ ပြန်လည်ထွက်ခွာရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၉**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင် ကော်ပိုရေးရှင်း၏ အထွေထွေ ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တည်းခိုရာ ဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။



အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ရုရှားအာကာသ စနစ်များကုမ္ပဏီ(RSS)နှင့် မြန်မာအာကာသအေဂျင်စီတို့အကြား ကမ္ဘာမြေစောင့်ကြည့်လေ့လာရေး(ERS) ဂြိုဟ်တုဓာတ်ပုံ ဖမ်းယူရေးသဘောတူစာချုပ် ချုပ်ဆိုပြီးစီးမှုနှင့် ဒေတာများဖမ်းယူလျက်ရှိမှု၊ အာကာသအေဂျင်စီနှစ်ခုအကြား တိုက်ရိုက်ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် ရုရှား – မြန်မာ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်း ဆောင်ရွက်မှုများထဲမှ ကြီးမားသည့် အောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အထောက်အကူဖြစ်စေမှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား "ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်"ကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုနှင့် နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်အတွင်း မြန်မာအာကာသ အေဂျင်စီနှင့် Roscosmos တို့အကြား အာကာသယာဉ်မှူး ရွေးချယ်လေ့ကျင့်ရေး၊ ဂြိုဟ်တုအခြေပြုရှာဖွေ ကယ်ဆယ်ရေးစနစ်(COSPAS–SARSAT)၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ် တိုင်းတာရေးစခန်း (One Way Station)နှင့် ကမ္ဘာ့အနီး အာကာသအန္တရာယ် အလိုအလျောက် သတိပေးစနစ်(ASPOS)တို့ကို လက်တွေ့ပူးပေါင်း အကောင်အထည်ဖော်ရန်အတွက် နားလည်မှုစာချွန်လွှာများ၊ စာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ မြန်မာနိုင်ငံမှ အာကာသယာဉ်မှူး ရွေးချယ်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တုအခြေပြု ကာကွယ်ရေးစနစ်(COPAD–SARSAT)၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ် တိုင်းတာရေးစခန်း (One Way Station)၊ ကမ္ဘာ့အနီး အာကာသအန္တရာယ် အလိုအလျောက် သတိပေးစနစ်(ASPOS)၊ Rassvet အနိမ့်ပျံဆက်သွယ်ရေးဂြိုဟ်တုစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ နာနိုဂြိုဟ်တုတည်ဆောက် လွှတ်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား အာကာသကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင် ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov တို့အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်း နိုင်ငံ Roscosmos နိုင်ငံပိုင် ကော်ပိုရေးရှင်း၏ အထွေထွေ ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာ – ရုရှား နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၉**

၂၀၂၆ ခုနှစ် မြန်မာ – ရုရှား နှစ်နိုင်ငံ စီးပွားရေးဖိုရမ်ကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၌ ကျင်းပသည်။

ဖိုရမ်တွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းသည် ရုရှား – မြန်မာ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ကမ္ဘာ့ကုန်သွယ်ရေကြောင်းလမ်းတစ်ခုကို ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထားဝယ် ရေနက်ဆိပ်ကမ်း စီမံကိန်း၏ အဓိကအကျဆုံး အားသာချက်သည် ပထဝီဝင်အနေအထားနှင့် မဟာဗျူဟာအရ အရေးပါသည့် အနေအထားဖြစ်ပါကြောင်း၊ ကပ္ပလီပင်လယ်ပြင်ကို တိုက်ရိုက်အသုံးပြုနိုင်မည်ဖြစ်သလို ကုန်စည်သင်္ဘောများ မလက်ကာရေလက်ကြားကိုထွက်ရန်မလိုဘဲ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည့်အတွက် သယ်ယူပို့ဆောင်ရေး ကြာမြင့်ချိန်ကို လေးရက်မှ ခြောက်ရက်အထိ လျှော့ချသက်သာစေမည်ဖြစ်ကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းသည် Southern Economic Corridor လမ်းမကြီးမှတစ်ဆင့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့အထိ တိုက်ရိုက်ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကိုအသုံးပြုပြီး အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့တွင် ၂၄ နာရီအတွင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍအနေဖြင့် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းသည် မြန်မာနိုင်ငံ၏ အဓိက ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များနှင့် ၄၅ ကီလိုမီတာသာ ကွာဝေးလျက်ရှိကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ပေးရန်အတွက် ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများအပြင် SEZ ဥပဒေများနှင့် အကာအကွယ်ပေးထားကြောင်း ဆွေးနွေးသည်။

ထို့အတူ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်က မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscongress Investment Fund ဒါရိုက်တာ Mr. Shatirov Sergey Vladimirovich က ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ဆွေးနွေးသည်။

အလားတူ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေး အခွင့်အလမ်းများနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာ အလေးပေးဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဆွေးနွေးသည်။

ထိုသို့ ဆွေးနွေးမှုများအပေါ် ဖိုရမ်တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်) သို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၁၉**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသ မှတ်တမ်းပြတိုက်)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာနိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ပြတိုက်မှ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်) အတွင်းရှိ ရုရှားနိုင်ငံမှ ပထမဆုံး လွှတ်တင်ခဲ့သည့်ဂြိုဟ်တု ပုံတူပြကွက်၊ ယူရီဂါဂါရင်လိုက်ပါခဲ့သည့် အာကာသ ယာဉ်ပုံစံတူနှင့် ၎င်း၏ဘဝပုံရိပ်ပြခန်း၊ အာကာသယာဉ်မှူးဝတ်စုံများ ပြကွက်၊ ကမ္ဘာမြေအား အာကာသမှပထမဆုံးမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည့် ကင်မရာကြီးပြကွက်၊ အာကာသယာဉ်များပြကွက်၊ လဆင်းယာဉ်သရုပ်ပြကွက်၊ ကမ္ဘာမြေပေါ်သို့ ကျရောက်ခဲ့ သည့် ဥက္ကာခဲများပြကွက်၊ ဂြိုဟ်တုလွှတ်တင်ရေးစခန်း ပုံစံငယ်များ ပြကွက်များအား ပြကွက် တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည်အာကာသပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေး ထိုးသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ထံ ပြတိုက်တာဝန်ခံက ပြတိုက်မှတ်တမ်းစာအုပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နိုင်ငံတော်သမ္မတက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်) တွင် ကြည့်ရှုလေ့လာစဉ်။

အဆိုပါရုရှားနိုင်ငံ မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်) ကို ၁၉၈၁ ခုနှစ်၊ ဧပြီ ၁၀ ရက်တွင် လူသားတို့၏ အာကာသအောင်နိုင်မှု အထိမ်းအမှတ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းပြတိုက်သည် မော်စကိုမြို့ VDNKh မက်ထရိုဘူတာအနီးရှိ၁၀၇ မီတာမြင့်သော **“Monument to the Conquerors of Space”** ဒုံးပျံအထိမ်းအမှတ်ကျောက်တိုင်ကြီး၏ အောက်ခြေတွင်တည်ရှိပြီး ပြတိုက်အတွင်း ဆိုဗီယက်နှင့်ရုရှားတို့၏ အာကာသနည်းပညာဆိုင်ရာ ပြခန်းများ၊ ကမ္ဘာ့ဦးဆုံး အာကာသယာဉ်မှူး ယူရီဂါဂါရင်အသုံးပြုခဲ့သည့် ပစ္စည်းများ၊ နာမည်ကျော် အာကာသခွေး Belka နှင့် Strelka တို့၏ ရုပ်ကလာပ်များ အပါအဝင် အာကာသဆိုင်ရာ ပြကွက်ပေါင်း ၈၅,၀၀၀ ကျော်ကို စုံလင်စွာ ခင်းကျင်း ပြသထားသဖြင့် ကမ္ဘာတစ်ဝန်းမှ ခရီးသွားများမပြတ်မနေ လာရောက်လေ့လာကြသည့်နေရာ တစ်ခုဖြစ်သည်။

ယင်းနောက်နိုင်ငံတော် သမ္မတနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မော်စကိုမြစ်အတွင်း မြစ်တွင်းသွားရှုခင်းကြည့် သင်္ဘောဖြင့် မော်စကိုမြစ်တစ်လျှောက် လိုက်ပါ စီးနင်းကြပြီး မြို့ပြစနစ်တကျဖွံ့ဖြိုးတိုးတက် လျက်ရှိမှုနှင့် သာယာလှပမှုများ၊ မြစ်ကြောင်းများ စနစ်တကျထိန်းသိမ်းထားရှိမှု၊ မြစ်ကမ်းတစ်လျှောက်ရှိ မြို့ကွက်များအလိုက် Green Zone များ စနစ်တကျ ဆောင်ရွက်ထားရှိမှု အခြေနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။



မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်) တွင် ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။

အဆိုပါ မော်စကိုမြစ်သည် မြို့တော်မော်စကို၏ အသက်သွေးကြောဖြစ်ပြီး မြို့ပြ ရေပေးဝေရေးနှင့် စက်မှုလုပ်ငန်းများအတွက် အဓိကအားထားရသည့်မြစ်တစ်ခု ဖြစ်ကြောင်း၊ ထို့ပြင်မြစ်ကြောင်းတစ်လျှောက် အပျော်စီးသင်္ဘောများနှင့် ကမ်းခြေပန်းခြံများရှိခြင်းကြောင့် နှစ်စဉ် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် သဘာဝအလှများရှိသော ခရီးသွားလုပ်ငန်းအတွက် အချက်အချာကျသော မြစ်တစ်စင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ လူငယ်တွေ့ဆုံပွဲ ကျင်းပ

**တောင်ငူ ဩဂုတ် ၁၉**

တောင်ငူမြို့ရှိ တက္ကသိုလ်၊ ကောလိပ်၊နည်းပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ် ၃၈၀ ကျော် တက်ရောက်သည့် လူငယ်တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲကို မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ၊ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီနှင့် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ (၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက တက်ရောက် အမှာစကားပြောကြားသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက “လူငယ်နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး တက်ရောက်လာသည့် ကဏ္ဍပေါင်းစုံမှ လူငယ် မောင်မယ်များ၏ မေးမြန်းဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီး ဦးစစ်နိုင်က ကွန်ပျူတာ တက္ကသိုလ် (တောင်ငူ) ပါမောက္ခချုပ်ထံ အားကစားပစ္စည်းများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် သွားရောက်ဆွေးနွေးပြီး အဆိုပါ တက္ကသိုလ်၌ ကျင်းပသည့် Cleaning Campaign & Mind Lecture ဟောပြောပွဲတွင် ပါဝင်ဆောင်ရွက်မည့် International Youth Fellowship (IYF) အဖွဲ့မှ လူငယ်များကိုလည်း တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၉

ရုရှားဖက်ဒရေးရှင်း နိုင်ငံ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံး မိသားစုများအား ယနေ့ဒေသစံတော်ချိန်ညနေ ၅ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုင်ရာ မြန်မာသံရုံးသို့ရောက်ရှိရာ သံရုံး၊ စစ်သံရုံးမိသားစုများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် သံရုံး၊ စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာ အာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် မိုးကျော်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ သံတမန်ဆက်ဆံရေးကို စတင်ခဲ့ပြီး စဉ်ဆက်မပြတ်ကောင်းမွန်သည့် ဆက်ဆံရေးရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အကူအညီများ ပေးခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ တည်ငြိမ်မှုမရှိခြင်းသည် မိမိတို့နိုင်ငံ၏ အားနည်းချက်ပင်ဖြစ်ကြောင်း၊ ကိုလိုနီလက်အောက်သို့ ရောက်ခဲ့ရခြင်း၏ အကျိုးဆက်များပင်ဖြစ်ကြောင်း၊ ထိုသို့နိုင်ငံရေးမတည်ငြိမ်မှုကြောင့် နှစ်ပေါင်းများစွာ တိုးတက်မှုမရှိခဲ့သည်မှာ သင်ခန်းစာယူဖွယ်ပင်ဖြစ်ကြောင်း။

မိမိအနေဖြင့် တပ်မတော်တွင် တာဝန်ယူစဉ်ကပင် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဖြင့် တာဝန်များကို ထမ်းဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင်လည်း နိုင်ငံကောင်းမွန်တိုးတက်အောင် စိတ်ရင်းစေတနာအမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ တောင်းဆိုလျက်ရှိသည့် ဒီမိုကရေစီအခွင့်အရေးများနှင့် ဖက်ဒရယ်အခွင့်အရေးများရရှိအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေး ရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံအတွင်း ပညာတတ် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံ၏ပညာရည်အဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း နှစ်စဉ်ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာဆက်ဆံရေးများ ကောင်းမွန်စေရေး၊ လုပ်ငန်းခွင်များတွင် ဆက်ဆံရေးများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ အဓိကအားဖြင့် အတတ်ပညာများကို သင်ကြားလျက်ရှိသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများက လိုလားသည့် ပါတီစုံဒီမိုရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများ၏ အရည်အသွေးမြင့်မားစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ နောင်လာနောက်သားများ အတွက် ကောင်းမွန်သည့်အမွေများ ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ့အရေးအတွက် ဆောင်ရွက်ရာတွင် ကောင်းမွန်သည့်စိတ်များဖြင့် ဆောင်ရွက်လိုသည့်စိတ်များ မွေးမြူကြရန်လိုကြောင်း၊ ယခုရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် သံတမန်များအဖြစ် လာရောက်တာဝန်ထမ်းဆောင်နေကြသူများနှင့် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများသည် သက်ဆိုင်ရာဌာနများအလိုက် ခေါင်းဆောင်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်ရာ ဌာနအလိုက် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဖြင့် လေ့လာကြိုးပမ်းဆောင်ရွက်ပြီး ထမ်းဆောင်ရသည့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

ကောင်းမွန်သည့် နိုင်ငံရေးလမ်းကြောင်းကို ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်အတွက် ခိုင်ခိုင်မာမာဖြင့် တာဝန်ထမ်းဆောင်လိုသည့်စိတ်၊ မိမိတို့နိုင်ငံကိုထိလျှင် မြန်မာဆိုသည့်စိတ်ဖြင့် ကာကွယ်လိုစိတ်၊ နိုင်ငံအတွက် ကောင်းမွန်စေလိုသည့် စေတနာစိတ်များဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်ကြစေလိုကြောင်း။

သင်တန်းသားများ အနေဖြင့်လည်း မိမိတို့နိုင်ငံ၏ ဖြစ်စဉ်ဖြစ်ရပ်မှန်နှင့် သမိုင်းမှန်များကို သိရှိအောင် ဆောင်ရွက်ကြပြီး မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများနှင့် အခြေအနေမှန်များကိုမသိရှိသည့် နိုင်ငံတကာမှ ကျောင်းသားများအား သိရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်ပနိုင်ငံသို့ ရောက်ရှိနေချိန်တွင် မိမိတို့နိုင်ငံ၏ အလံတော်နှင့် နိုင်ငံတော်သီချင်းကို မမေ့ရန်လိုကြောင်း၊ မြန်မာဆိုသည့်စိတ်ဖြင့် နေထိုင်ကြရန်လိုကြောင်း။

ယခုအခါ မိမိတို့နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု အခန်းကဏ္ဍများတွင် သာမက ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍများအပါအဝင် အခြားနှစ်နိုင်ငံအကြား ကူလူးဆက်ဆံနိုင်သည့် ကဏ္ဍပေါင်းစုံတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မိမိတို့တတ်ကျွမ်းထားသည့် အတတ်ပညာများကို အသုံးချခြင်းအားဖြင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို များစွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ ပညာတော်သင်များ ပြည်ပသို့စေလွှတ်ခြင်းသည် နိုင်ငံတော်အနေဖြင့် ငွေကြေးနှင့် လုပ်အားများ ရင်းနှီး စိုက်ထုတ်ပေးထားရခြင်းဖြစ်သဖြင့် ပညာတော်သင်တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုများသည် နိုင်ငံ့အကျိုးအတွက် အထောက်ကူပြုနိုင်ရန် လိုကြောင်း။

ပြည်ပနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း မိမိတို့ဘဝအတွက် အကျိုးပြုစေနိုင်မည့် ဘာသာစကားနှင့် စာပေများကို ကြိုးစားသင်ယူကြရန် လိုသကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ကွန်ပျူတာနည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာနေရန်လိုကြောင်း၊ ဗဟုသုတရရှိစေမည့် စာအုပ်များကိုလည်း ဖတ်၊ မှတ်၊ လေ့လာပြီး ပြန်လည်အသုံးချရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့တစ်ဦးချင်း၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများနှင့် ပတ်ဝန်းကျင်တွင် ပေါင်းသင်းဆက်ဆံမှုများကို များစွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ အားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် နေထိုင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတကသံရုံး၊စစ်သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)တို့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး သံရုံး၊ စစ်သံရုံးမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး (၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး (၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာစဉ်။

နေပြည်တော် ဩဂုတ် ၁၉

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting) တက်ရောက်ရန် အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာကြသည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့တွင် ဇနီး ဒေါ်နီလာနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် တပ်မတော်အထူးလေယာဉ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိထိုင်းဘုရင့်လေတပ်၊ Wing 6 သို့ ရောက်ရှိကြရာ ထိုင်းဘုရင့်တပ်မတော်မှ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Air Chief Marshsl Seksun Chaiyamart နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရုံး)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်နှင့် 9th Thailand– Myanmar High Level Committee Meeting အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဝင်းသူလင်းနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။


အဆိုပါ ခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး ထိုင်းနိုင်ငံမှ တပ်မတော် အကြီးအကဲများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက် ဦးဆောင်သော 9th Thailand– Myanmar High Level Committee Meeting အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက်တွင် ထိုင်းနိုင်ငံသို့ ကြိုတင်ထွက်ခွာခဲ့ကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး H.E. Lieutenant General(Ret.) Adul Boonthamcharoen အား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၉**

(၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (9th Thailand-Myanmar High Level Committee Meeting )ကို တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး H.E. Lieutenant General (Ret.) Adul Boonthamcharoen အား ကာကွယ်ရေးဝန်ကြီးဌာနရုံး ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး H.E. Lieutenant General(Ret.) Adul Boonthamcharoen နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းကာကွယ်ရေးဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းနိုင်ငံကာကွယ်ရေး ဝန်ကြီးဌာနသို့ ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ဧည့်ခန်းမတွင် ထိုင်းနိုင်ငံကာကွယ်ရေး ဝန်ကြီးအား တွေ့ဆုံ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ဆောင်နေသူများနှင့် ပါဝင် ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ **နယ်စပ်ဖြတ်ကျော် တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့တားဆီး ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံ သဘောတူထားသည့် မီးခိုးမြူငွေ့ကင်းစင်သော ကောင်းကင်ဖြစ်စေရေး သုံးနိုင်ငံ ပူးတွဲလုပ်ငန်းစီမံချက်** (Joint plan Of Action-Clear Sky Strategy)(၂၀၂၄-၂၀၃၀) **အောက်တွင် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ တောမီးလောင်ကျွမ်းမှု လျော့လာစောင့်ကြည့်ရေးအတွက် လိုအပ်သည်များ ကူညီပေးအပ်ခဲ့မှုနှင့် သင်တန်းများ ပို့ချပေးခဲ့မှုတို့အတွက် ကျေးဇူးတင်ရှိမှု၊ နယ်စပ်ဖြတ်ကျော် ရေအရည်အသွေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊** နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင် ကုန်စည်စီးဆင်းမှုများနှင့် အကြမ်းဖက်မှုများ တိုက်ဖျက်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေးတို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၉**

(၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (9th Thailand-Myanmar High Level Committee Meeting ) သို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Air Chief Marshsl Seksun Chaiyamert နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးသို့ရောက်ရှိရာ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကကြိုဆို နှုတ်ဆက်သည်။ ယင်းနောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်ထက်တွင် နေရာယူပြီး ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် နှစ်နိုင်ငံတပ်မတော် အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်းမတွင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Ukris Boontanondha နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် သမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်နေစေရေး ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နှစ်နိုင်ငံ အစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မှု၊ နယ်စပ်ဒေသ တရားမဝင် ကုန်သွယ်မှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှု၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကိုလုပ်ဆောင်လျက်ရှိသည့် ကျောက်ခက်နှင့် ရွှေကုက္ကိုလ်တို့ရှိ အဆောက်အအုံများအား မြန်မာနိုင်ငံဘက်မှ အမြစ်ပြတ် ဖြိုချဖျက်ဆီးလျက်ရှိမှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကို နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ် နှိမ်နင်းလျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းဆိုင်ရာ ကိစ္စရပ်များနှင့် လက်နက်ခဲယမ်းမှောင်ခိုရောင်းဝယ်မှုများကို ပူးပေါင်းထိန်းသိမ်းတိုက်ဖျက် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ **တပ်မတော်အနေဖြင့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်နေသည့်အခြေအနေများ** နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာများ၊ သင်တန်းသားများ၊ တပ်မတော်အားကစားအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ပြန်လည်ထွက်ခွာရာ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က နှုတ်ဆက်ဂါရဝပြုအလေးပြုခဲ့ကြောင်း သိရသည်။


သတင်းစဉ်

# အနေဝေးသော်လည်း သွေးမဝေးသော ယုံကြည်စိတ်ချအားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းထောင်ချီဝေးကွာသည့်နိုင်ငံဖြစ်သော်လည်း မိတ်ရင်းဆွေရင်း ဆွေမျိုးရင်းချာမိတ်ဖက်နိုင်ငံဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်ပြီးချိန်မှစ၍ နှစ်နိုင်ငံ ပူးပေါင်းကူညီဆောင်ရွက်မှုများ အများအပြားရှိသည်။ မျက်မှောက်ကာလတွင်လည်း ကမ္ဘာ့ရေးရာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် မားမားမတ်မတ် ရပ်တည်ပေးခဲ့သောနိုင်ငံဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုကာလတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်မှုများ ပိုမိုမြင့်မားခိုင်ကျည်လာခဲ့သည်။ ပြီးခဲ့သည့် ငါးနှစ်တာကာလ ယခုနိုင်ငံတော်သမ္မတ နိုင်ငံတော်အကြီးအကဲအဖြစ် နိုင်ငံ့တာဝန်ယူခဲ့သောကာလတွင် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုနီးနီးကပ်ကပ် ထဲထဲဝင်ဝင် ဆက်ဆံလာနိုင်ခဲ့သည်။

**မောင်ငြိမ်းအေး**

နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့စဉ် ပြီးခဲ့သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့စဉ်က ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင် ပြောကြားခဲ့သည့်စကားသည် ယခုထက်တိုင် မှတ်မှတ်ထင်ထင်ရှိနေဆဲပင်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများစွာတွေ့မြင်ရကြောင်း ပြောကြားခဲ့မှုများသည် ဩဂုတ်လ ၁၇ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင် ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်လျက်ရှိသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်တွင် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မြဲအောင် ဆောင်ကြဉ်းပေးနိုင်တော့မည်ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က ဩဂုတ် ၁၈ ရက်တွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရင်းရင်းနှီးနှီး ခရီးဦးကြိုဆိုနှုတ်ဆက်စဉ်။

## စာနာထောက်ထား

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၈ ရက်နေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်သို့ ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က ရင်းရင်းနှီးနှီး ခရီးဦးကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။ ရုရှားသမ္မတက ခရီးဦးကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များကို ထပ်မံတွေ့ဆုံခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး ရေဘေးသင့်ပြည်သူများကို မိမိအနေဖြင့် စာနာထောက်ထားပြီး အားပေးသည်ကို ပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံ၏ သံတမန်ဆက်ဆံမှုအနေဖြင့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်စွာတိုးတက်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှား-အာဆီယံအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်၍ရသည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနယ်ပယ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ယခုအဆွေတော်၏ ရုရှားနိုင်ငံသို့ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးပွဲများ၊ လေ့လာစရာများရှိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အသီးသီးကို အသေးစိတ်ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ပြောကြားခဲ့သည်။

## မမေ့နိုင်ကျေးဇူးတင်

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယခုကဲ့သို့ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုအတွက် များစွာဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ရုရှားနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ခဲ့ဖူးပြီး ယခုအခါ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး နောက်ပိုင်းတွင် ပထမဆုံးလာရောက်ခဲ့သည့်ခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အပါအဝင် နယ်ပယ်ပေါင်းစုံတွင် တတ်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆွေတော်ပြောကြားသကဲ့သို့ မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့်လမှစတင်၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုအပေါ်တွင် အဆွေတော်အနေဖြင့် မြန်မာပြည်သူများအပေါ် စာနာထောက်ထားကြောင်း ပြောကြားပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီး ဆုံးရှုံးမှုများလည်း များစွာရှိခဲ့ကြောင်း၊ ထိုအချိန်တွင် အဆွေတော်တို့အနေဖြင့် အထူးအဖွဲ့များ၊ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပေးခဲ့သည်ကို ယခုအချိန်အထိ မမေ့ပါကြောင်းနှင့် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

မိမိတို့နှစ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးတွင် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်လျက်ရှိနေပြီး ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များလည်း များစွာရှိနေပါကြောင်း၊ အဆွေတော်နှင့် အသေးစိတ်ဆွေးနွေးနိုင်မည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးနယ်ပယ်များတွင်လည်း ပြောင်းလဲတိုးတက်လာပြီဖြစ်ပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန်နယ်ပယ်များလည်း များစွာကျန်ရှိနေသေးကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ရုရှားနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာ အားပေးကူညီခဲ့ပြီး လက်ရှိဖွံ့ဖြိုးတိုးတက်မှုများသည်လည်း

စာမျက်နှာ ၁၃ သို့ ◆



ဩဂုတ် ၁၈ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ အသီးသီးလဲလှယ်ကြစဉ်။

> **“အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများစွာရှိရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာတော်သင်များ စေလွှတ်ရေးအပါအဝင် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးနိုင်ခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအစိုးရတို့အကြား “ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်”ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဂြိုဟ်တုနှင့် အာကာသ သိပ္ပံနည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိ”**

◆ စာမျက်နှာ ၁၂ မှ

ရုရှားနိုင်ငံ၏ အားပေးထောက်ခံမှု များစွာပါဝင်သဖြင့် ကျေးဇူးတင်ရှိသည်ကိုထပ်မံပြောကြားလိုပါကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားစွာရှိသည့် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာရှိနေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ရုရှားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် အမြဲတည်ရှိနေမည်ကို ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမြဲအသင့်ရှိပါကြောင်း ပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပြင်းပြင်းထန်ထန် နှိမ်နင်းဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုနှင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်ပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးပြီးနောက် နိုင်ငံတော်သမ္မတနှင့် ရုရှားသမ္မတတို့သည် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin နှင့် ရုရှားအစိုးရအဖွဲ့မှ ဝန်ကြီးများ ဩဂုတ် ၁၈ ရက်က ရုရှားအစိုးရအဖွဲ့ အိမ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

**အသေးစားနျူကလီးယား လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု အပါအဝင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ထုတ်လုပ်မှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ရေးကို ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ပင်လယ်ရေကြောင်းပို့ဆောင်ရေးနှင့် ရေထွက်ပစ္စည်းများ ယခုထက် ပိုမိုတင်ပို့နိုင်ရေးအပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်**

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ကုန်သွယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့်ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ဆက်လက်၍ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနား ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား တစ်ဖက်သတ်အကျပ်ကိုင်ဆောင်ရွက်မှုများ၏ ဆိုးရွားသောသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းရန် နည်းလမ်းများနှင့်ပတ်သက်သည့် ကြေညာချက်၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာ၊ ရေဒီယိုအီလက်ထရောနစ်လုပ်ငန်းနှင့် ဒီဂျစ်တယ်နည်းပညာနယ်ပယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ယှဉ်ပြိုင်မှုအဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ။

**စာချွန်လွှာ ၁၂ ခုလဲလှယ်**

ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ်၊ လူလိုက်ပါသော အာကာသခရီးစဉ်များ ဂြိုဟ်တုအခြေပြုရှာဖွေကယ်ဆယ်ရေးစနစ် COSPAS-SARSAT နှင့် ကမ္ဘာအနီး အာကာသအတွင်း အန္တရာယ်ရှိသောအခြေအနေများအတွက် အလိုအလျောက် သတိပေးစနစ် (ASPOS) နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာနှင့် မြန်မာအာကာသအေဂျင်စီနှင့် Plekhanov Russian University of Economics တို့အကြား နားလည်မှုစာချွန်လွှာများ အပါအဝင် စုစုပေါင်း နားလည်မှုစာချွန်လွှာ ၁၂ ခုတို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့ရှေ့မှောက်၌ လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ထိုနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် ရုရှားအစိုးရအဖွဲ့အိမ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့ ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ခဲ့သည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အာရှ၊ အရှေ့တောင်အာရှနှင့် အာရှပစိဖိတ်ဒေသအတွက် အရေးပါသည့် မိတ်ဖက်မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးစွာပြောကြားခဲ့သည်။

**ပိုမိုခိုင်မာစွာဖော်ညွှန်း**

ထို့နောက် နိုင်ငံတော်သမ္မတက အဆွေတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် အထူးပင် ဝမ်းမြောက်မိကြောင်း၊ မိမိအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ (၁၄)ကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ရုရှားနိုင်ငံသို့ ပထမဆုံးနိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပြီး ရှည်လျားကောင်းမွန်သည့် သံတမန်ဆက်ဆံမှုများရှိကာ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားတန်ဖိုးထားမှုများကို ပိုမိုခိုင်မာစွာဖော်ညွှန်းပြသလျက်ရှိသည်။

ရုရှားနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအကျိုးအတွက် ခိုင်ခိုင်မာမာ ထောက်ခံရပ်တည်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် သံတမန်ဆက်ဆံရေးကဏ္ဍများတွင် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံ ဗဟိုအစိုးရများ၏ ကောင်းမွန်သောဆက်ဆံရေးသာမက ရုရှားနိုင်ငံ ဖက်ဒရယ်ပြည်နယ်များနှင့်လည်း ခိုင်မာသည့်ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်ဆောက်လာနိုင်သည်။ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများ ပိုမိုတိုးတက်အောင် ဆောင်ရွက်လာနိုင်သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပင်လယ်ရေကြောင်းနှင့် ပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**အာကာသခရီးစဉ်ပါဝင်**

ထို့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများစွာရှိရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာတော်သင်များ စေလွှတ်ရေးအပါအဝင် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးနိုင်ခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအစိုးရတို့အကြား **“ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူညီချက်”** ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဂြိုဟ်တုနှင့် အာကာသသိပ္ပံနည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အာကာသနည်းပညာဆိုင်ရာနှင့် အာကာသယာဉ်မှူးများ မွေးထုတ်ပေးနိုင်ရေးအတွက် လွန်ခဲ့သည့် နှစ်အနည်းကစတင်ခဲ့ပြီး နိုင်ငံတော်၏ ပထမဆုံး အာကာသယာဉ်မှူး ထမ်းဆောင်မည့် လူငယ်များကို ရွေးချယ်ခဲ့သည်။ မြန်မာအာကာသယာဉ်မှူးများ အာကာသခရီးစဉ်တွင် ပါဝင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းရွေးချယ်လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဂြိုဟ်တုနှင့် အာကာသနည်းပညာများကိုစိုက်ပျိုးရေး၊သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအပါအဝင် အခြားလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသုံးချနိုင်ရန်အတွက် မြန်မာအာကာသအေဂျင်စီက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရှိ အာကာသအေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အသေးစားနျူကလီးယား လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုအပါအဝင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ရေးကို ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ပင်လယ်ရေကြောင်းပို့ဆောင်ရေးနှင့် ရေထွက်ပစ္စည်းများ ယခုထက် ပိုမိုတင်ပို့နိုင်ရေးအပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို နှစ်နိုင်ငံခေါင်းဆောင်များ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

# လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် တက္ကသိုလ်များအနေဖြင့် ခေတ်နှင့်ညီသော သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှုနည်းစနစ်များဖြစ်ရန်လို

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရာတွင် တက္ကသိုလ်များအနေဖြင့် ခေတ်နှင့်ညီသော သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှုနည်းစနစ်များနှင့် စစ်ဆေးအကဲဖြတ်မှုပုံစံများဖြစ်စေရေး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ယနေ့တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ သင်ကြားသင်ယူမှုကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်စေရေး၊ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ တက္ကသိုလ်၏ Master Plan အရ စနစ်တကျတည်ရှိရေး၊ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

အလားတူ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ သွားရောက်၍ ICT နည်းပညာ အသုံးပြုသင်ကြားသင်ယူနေမှု၊ သုတေသနဆောင်ရွက်နေမှု၊ တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု၊ ဆရာဆရာမဝန်ထမ်းအိမ်ရာများနှင့် ဘောလုံးကွင်းတည်ဆောက်ရေး၊ ပြေးလမ်းအဆင့်မြှင့်တင်ခြင်း၊



Recreation Centre တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးအဆောက်အအုံများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြင်ဆင်လျက်ရှိ

**ဖလမ်း ဩဂုတ် ၁၉**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖလမ်းမြို့ရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် ဌာနဆိုင်ရာရုံး အဆောက်အအုံများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယနေ့နံနက်ပိုင်းက ဖလမ်းမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပြုပြင်ဆောင်ရွက်နေမှု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖလမ်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း ဖလမ်းမြို့ အိုးအိမ်ဝန်ထမ်းအိမ်ရာ သုံးထပ်အဆောက်အအုံ ပြန်လည်ပြုပြင်မှု၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာနရုံးနှင့် မြို့နယ်စီမံကိန်းဦးစီးဌာနရုံး မျက်နှာကြက်ပြုပြင်မှု၊ ပြတင်းတံခါးများ တပ်ဆင်ပြီးစီးမှုနှင့် နံရံများအား အချောသပ်ဆေးသုတ်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖလမ်းမြို့ကို တပ်မတော်က အလုံးစုံထိန်းချုပ်ပြီးသည့် ၂၀၂၆ ခုနှစ် မေ ၆ ရက်မှစတင်ကာ ဒေသခံပြည်သူများသည် ဖလမ်းမြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၏ အနီးကပ်ကြီးကြပ် ဆောင်ရွက်မှုများကြောင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ပုံမှန်အတိုင်း လည်ပတ်နေပြီဖြစ်သည်။

အလားတူ တီးတိန်မြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းရှိ ကျောင်းသားအိပ်ဆောင် ပျက်စီးမှုအပေါ် ပြန်လည်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စားရိပ်သာနှင့် စားဖိုဆောင် ပြန်လည်ပြင်ဆင်နေမှုနှင့် တီးတိန်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်များ ပျက်စီးနေမှုများအပေါ် ပြုပြင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးရုံးပြုပြင်မှု၊ Cyclone Shelter ပြုပြင်မှုနှင့် ဆေးရုံပြုပြင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# မှော်ဘီမြို့နယ်၌ စပါးမျိုးစေ့ထုတ်နည်းပညာပေးသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၁၉**

စားသုံးမှု အရည်အသွေးနှင့် အထွက်နှုန်းကောင်းသော ဆန်စပါး စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေးသည် အဓိကဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြန်မာ့ဆန်စပါးသုတေသနဌာန၌ ကျင်းပသည့် စပါးမျိုးစေ့ထုတ် နည်းပညာပေးသင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။

ထို့ပြင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးကောင်းမျိုးသန့် လွှမ်းခြုံနိုင်ရေးအတွက် မျိုးစေ့ ထုတ်လုပ်သူများ၊ တောင်သူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် စိုက်ပျိုးရေးကွင်း ဝန်ထမ်း ၂၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက် ၇၀ ကြာမြင့်မည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် လှည်းကူးမြို့နယ် အုန္နဲကုန်းကျေးရွာ တောင်သူ ဦးတင်ယု၏ စပါးစမ်းသပ်ကွက်ကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံကာ စိုက်ခင်းမြေ ပြင်ဆင်ရာတွင် သမန်းပုပ်ချိန်ပြည့်ဝစေရေး၊ ရေရရှိမှုအပေါ် မူတည်၍ စိုက်ချိန်ဇယားကို စနစ်တကျ စီမံရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အချိုးကျသုံးစွဲခြင်းဖြင့် စိုက်စရိတ်သက်သာပြီး သီးနှံအထွက်နှုန်း၊ စပါးအရည်အသွေးနှင့် အရသာကိုပါ ပိုမိုကောင်းမွန်စေနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့ပြင် ဗဟိုစိုက်ပျိုးပညာပေးသုတေသနနှင့် လေ့ကျင့်ပညာပေးရေးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ)၏ သင်ကြားသင်ယူရေးလုပ်ငန်းများ၊ သာယာဝတီမြို့ရှိ စက်မှုလယ်ယာဦးစီးဌာနနှင့် ပြည်မြို့ရှိ အမှတ်(၃၀) စက်မှုလယ်ယာစခန်းတို့တွင် ဧရာဝတီတိုင်းဒေသကြီး ရေလွှမ်းဒေသများ ပြန်လည်ထူထောင်ရေး ထွန်ယက်ရေး(အကူ)အဖွဲ့ ပြင်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒေါပုံမြို့နယ်၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးဆွေးနွေး

**ဒေါပုံ ဩဂုတ် ၁၉**

ဒေါပုံမြို့နယ်တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ လုပ်ဆောင်သင့်သည်များကို အလေးအနက်ထား ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဗိုလ်တထောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ခရိုင်အတွင်း ရောဂါကာကွယ် နှိမ်နင်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**



# ဟသ်ာတမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်



ပုသိမ် ဩဂုတ် ၁၉

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ဟသ်ာတမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ရောရွှေဝါကုမ္ပဏီက ဆန်လေးပြည်ဝင်အိတ် ၁၅၀၀ ပေးအပ်လှူဒါန်းရာ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူပြီး ဟသ်ာတမြို့နယ် ထိန်ကုန်းကျော်ကျေးရွာ ထိန်ကုန်းကျော်ကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ရပ်ရွာလုံခြုံရေးပိုင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အားပေးစကားပြောကြားပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေးခြင်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာများထောက်ပံ့ပေးအပ်ကာ ထမင်းဘူးများ ဝေငှပေးသည်။

ထို့အတူ ဟသ်ာတမြို့နယ် စိုင်ပွန်ကျေးရွာ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်သူများ၏ အသက်အိုးအိမ်နှင့် စားဝတ်နေရေးအဆင်ပြေစေရေး လိုအပ်သည့်အကူအညီများကို ဆက်လက်ဖြည့်ဆည်းပေးမည် ဖြစ်သည့်အတွက် အားမငယ်ဘဲ မိမိတို့၏ နေ့စဉ်လူမှုဘဝများကို အမြန်ဆုံးပြန်လည်တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးသီးနှံများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စက်ယန္တရားနှင့် သွင်းအားစုများကို အသင့်စုဖွဲ့ ပြင်ဆင်ထားရှိကြောင်း ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အားပေးစကား ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် ရေကြည်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများပေးအပ်ကာ ရေကြည်ကုန်းကျောင်းတိုက်၌ ကျောင်းသား ကျောင်းသူများအား စာသင်ကြားပေးနေမှုကို ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့်နေရာတွင် ကာရံခြင်းလုပ်ငန်းများဆောင်ရွက်မည့် Stand Pipe များ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

လေးမျက်နှာမြို့နယ်ရှိ ငဝန်မြစ်ရေတိုက်စားမှုကြောင့် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့်နေရာတွင် ကာရံခြင်းလုပ်ငန်းများဆောင်ရွက်မည့် Stand Pipe အရှည် ၁၂ မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာ ရှစ်လုံး၊ အရှည် ခြောက်မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာ နှစ်လုံး စုစုပေါင်း ၁၀ လုံးကို ရန်ကုန်မြို့မှ တွန်းသင်္ဘောနှင့် Barge ရေယာဉ်တို့ဖြင့် သယ်ဆောင်ရာ ယနေ့တွင် လေးမျက်နှာမြို့ ထူပါရုံရေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါရေဆိပ်၌ Stand Pipe များ ရောက်ရှိမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် Stand Pipe များ ရိုက်သွင်းမည့်နေရာကို သွားရောက်၍ ရိုက်သွင်းထားပြီးဖြစ်သည့် Steel Sheet Pile များ ရေစီးဒဏ်ခံနိုင်ရန်အတွက် Stand Pipe များဖြင့် အားဖြည့်ရိုက်သွင်းဆောင်ရွက်မည့်အခြေအနေ၊ Stand Pipe အရှည် ၁၂ မီတာ၊ အချင်း ၁ ဒသမ ၃၅ မီတာ တစ်လုံးကို Vibro-Hammer စက်ဖြင့် ရိုက်သွင်း၍ အားဖြည့်ကာရံခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် Stand Pipe အတွင်း သဲအိတ်များ ထည့်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းသုံးပစ္စည်းများ တပ်ဆင်နေမှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် မြစ်ရေတက်သည့်အချိန်၌ Stand Pipe ကို Vibro-Hammer စက်ဖြင့် ရိုက်သွင်းခြင်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဦးစားပေးဆောင်ရွက်ရန်၊ လုပ်ငန်းစီမံချက်များ ရေးဆွဲသွားရန်၊ လိုအပ်သည့်အထောက်အကူပစ္စည်းများ စုဆောင်းထားရှိပြီး စက်၊ယာဉ်/ယန္တရားများဖြစ်သည့် ကရိန်းများ၊ တွန်းသင်္ဘောနှင့် Barge တွဲများ၊ Vibro-Hammer စသည့်စက်ပစ္စည်းများ အသင့်စီမံဆောင်ရွက်ထားရှိပြီး ရေစီးအားပေါ့မှုတည်၍ Stand Pipe များ ရိုက်သွင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများကို အချိန်တိုအတွင်း ပြီးစီးရေး စွမ်းစွမ်းတမံဆောင်ရွက်ကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၁၉

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၂ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့်ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့်စည်ပင်ဝန်ထမ်းများအား အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့

ဟသ်ာတ ဩဂုတ် ၁၉

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဒဏ်ခံခဲ့ရသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများအား ယမန်နေ့က ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တိုးတက်အောင်ခန်းမ၌ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ အားပေးစကားပြောကြားသည်။

ဦးစွာ ရောဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ဝန်ထမ်းများအား လစာငွေ အချိန်မီရရှိရေးနှင့် နေရာထိုင်ခင်းအဆင်ပြေစေရေးအတွက် ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးက ဝန်ထမ်းများအား အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ဒေသတွင်း သားငါးနှင့် ဥစားသုံးမှုဖူလုံစေရေး လုပ်ငန်းရှင်အစုအဖွဲ့ဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား ဩဂုတ် ၁၉**

မြစ်ကြီးနားမြို့နယ် ပလန-၄ ကျေးရွာအတွင်း ငါးမွေးမြူရေးလုပ်ငန်းအပြင် လုပ်ငန်းရှင်အစုအဖွဲ့ဖြင့် မြေဧရိယာ၂၃ ဧကတွင် ကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးလျက်ရှိရာ ကြက်သားပေါက် ထုတ်လုပ်ဖြန့်ဖြူးခြင်းကို မြစ်ကြီးနားမြို့ရွှေပြည်သာ ရပ်ကွက်အတွင်း ရွေးချယ်ထားရှိပြီး တစ်လလျှင် ကြက်သားပေါက် ကောင်ရေ တစ်သိန်းကျော်ထုတ်လုပ်၍ ဒေသတွင်းဖြန့်ဖြူးနိုင်ရေးနှင့် ငါးမွေးမြူထုတ်လုပ်မှုကို ယခု ၂၀၂၆-၂၀၂၇ ခုနှစ်အတွင်း ပိဿာချိန်ပေါင်း ၁၉၀၀၀ ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပလန-၄ ကုံကော်မြိုင်ကျေးရွာအတွင်း ပိုင်ရှင်ဦးအောင်၏ မြေဧရိယာဧက ၅၀ ကျော်အတွင်း ငါးမွေးကန်များတူးဖော်၍ ငါးမွေးမြူရေးလုပ်ငန်း နည်းစနစ်တကျ ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီး ငါးကန်များအတွင်း ငါးသားပေါက်များ စိုက်ထည့်ပေးသည်။

အလားတူ အစုအဖွဲ့ဖြင့် မွေးမြူလုပ်ကိုင်ကြမည့် ပလန-၄ ငါးမွေးကန်စခန်းဧရိယာအတွင်းရှိ ငါးကန်ဟောင်း ၁၁ ကန်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့်ပေါင်းစပ်၍ နည်းစနစ်တကျ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် ငါးကန်များ ပြန်လည်တူးဖော်ထားရှိမှုနှင့် ငါးအမျိုးအစားအလိုက် ငါးသားပေါက်ကောင်ရေ ငါးသောင်းကျော် စိုက်ထည့်မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပလန-၄ ကျေးရွာနယ်မြေအတွင်း စည်ပင်သာယာရေးအဖွဲ့ပိုင် မြေနေရာ၌ အမှိုက်ကန်များတူးဖော်ထားရှိမှုအပေါ် ငါးမွေးမြူနိုင်ရန် နှစ်နှစ်ခန့် ခွင့်ပြုနိုင်ရေးနှင့် မွေးမြူရေး လုပ်ငန်းရှင်များဖြင့် ကြက်၊ နွားနှင့် ဝက် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး မြေနေရာ သတ်မှတ်လျာထားမှုနှင့် လုပ်ငန်းများစတင်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးကာ အဆိုပါ မြေဧရိယာအတွင်း ပိုင်ရှင်ဦးသိန်းဝင်းနှင့် အစုအဖွဲ့တို့ပူးပေါင်း၍ ကြက်ခြံကြီးများဆောက်လုပ်ကာ စီးပွားဖြစ်အသားတိုးကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကြက်သားပေါက်ရရှိမှု၊ ဈေးကွက်နှင့် ရောင်းချနိုင်မှုအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မုံရွာ ဩဂုတ် ၁၉**

မုံရွာမြို့ ကျောက္ကာလမ်းနှင့် ပြည်ထောင်စုလမ်း မီးပွိုင့်လမ်းဆုံ၌ ပြည်သူများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ အများပြည်သူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

လက်ကမ်းစာစောင်များ ဖြန့်ဝေနေမှုကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသိပညာပေးလုပ်ငန်းများကို မြို့ပေါ်ရှိဈေးများ၊ ကျောင်းများ၊ လမ်းဆုံများနှင့် လူစည်ကားသည့်နေရာများတွင် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ၏ (၁/၂၀၂၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူး၊ တိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးနှင့် တွဲဖက်အတွင်းရေးမှူး ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးတို့က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များ၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် မိမိတို့ဌာနများအလိုက် စီမံဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သထုံမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**သထုံ ဩဂုတ် ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယမန်နေ့မွန်းလွဲပိုင်းက သိမ်ကုန်းရပ်ကွက်ရှိအမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဉာဏ်ဝေယံခန်းမ၌ ကျင်းပသည်။

စကားဝိုင်းတွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးဦးက လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်လူမှုဆက်ဆံရေး၊ မိမိအနှစ်သက်ဆုံးစာအုပ်တစ်အုပ်ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ၊ အတွေးအခေါ်တို့ကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စကားဝိုင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကို ဩဂုတ် ၁၇ ရက်က လှိုင်သာယာ(အနောက်ပိုင်း)



မြို့နယ်ရှိ အထက(၃)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ - တောင်တွင်းကြီး) က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်က အခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဝင်က ကျောင်းစာကြည့်တိုက် အတွက် ဗဟုသုတရဖွယ် သုတ၊ ရသ၊ စာပေ၊ စာအုပ်မျိုးစုံ ၁၀၀ ပေးအပ်သည်။

ဆက်လက်၍ ကျောင်းသားလူငယ်များ ဗဟုသုတရရှိရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးအတွက် စာရေးဆရာ ဦးစိုးမိုးသိမ်းက အသိပညာပေး စာပေဟောပြောပြီး ကျောင်းသားလူငယ်များက လူငယ်စကားဝိုင်းကိုပြုလုပ်၍ ကဗျာ၊ ပုံပြော၊ ကျပန်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်

**နတ်တလင်း ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အထက(တာပွန်)၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးခြင်းကို နတ်တလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြစိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးဝေမျိုးသက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့



အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားကစားပစ္စည်းများပေးအပ်

**နေပြည်တော် ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်နှင့် ရွက်ပုန်းသီး မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်ပေးနိုင်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဘောလုံး၊ ဘော်လီဘောပိုက်နှင့် ဘောလုံး၊ ပိုက်ကျော်ခြင်းပိုက်နှင့် ခြင်းလုံးစသည့် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးနှင့် မြို့မိမြို့ဖများထံ ပေးအပ်သည်။

ဆက်လက်၍ ကဝမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြည်စေရေး၊ ဂိုးတိုင်၊ ဂိုးပိုက်များ စနစ်တကျတပ်ဆင်ထားရှိရေး၊ မိုးရာသီဖြစ်သည့်အတွက် အားကစားကွင်း



ပတ်လည် ရေစီးရေလာကောင်းမွန်စေရန် သန့်ရှင်းရေး ပုံမှန်ပြုလုပ်ဆောင်ရွက်ရေး မှာကြားသည်။

ထို့ပြင် မြို့မိမြို့ဖများ၊ အားကစားဆပ်ကော်မတီဝင်များနှင့် အားကစားဝါသနာရှင်များက မြို့နယ် အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေး၊ အားကစားခန်းမ တည်ဆောက်နိုင်ရေး၊ တိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

အလားတူ သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ လူထုအားကစားကို ပထမဦးဆုံး အဓိကလုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုကြောင်း၊ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိစေရေး မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများ ရွေးချယ်ဖော်ထုတ်၍ ပြုစုပျိုးထောင်လေ့ကျင့်စေလိုကြောင်း ပြောကြားပြီး သနပ်ပင်မြို့နယ် အားကစားကွင်း၊ အားကစားရုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပဲခူး ဩဂုတ် ၁၉**

၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တိုင်းဒေသကြီးအားကစားဥယျာဉ်၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများအား ဂုဏ်ပြုငွေကျပ် ၁၀ သိန်း ပေးအပ်၍ ပထမဆုရရှိသော တောင်ငူခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ပထမဆုဖလားနှင့် ငွေသားဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးက ဒုတိယဆုရရှိသော ပဲခူးခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုငွေကျပ် ခုနစ်သိန်းကို လည်းကောင်း ချီးမြှင့်ပေးအပ်သည်။



ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က တတိယဆုရရှိသော ညောင်လေးပင်ခရိုင် အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းဆု၊ အကောင်းဆုံး အလယ်တန်းဆု၊ အကောင်းဆုံး ရှေ့တန်းဆုနှင့် အကောင်းဆုံး အားကစားသမားဆုရရှိသူများအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချိုနှင့် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ ဇနီးတို့က ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် တစ်သိန်းစီကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# FIFAe World Cup 2026 Continental Championship တွင် မြန်မာအသင်း ရမှတ်တစ်မှတ် ရရှိထား

**ရန်ကုန် ဩဂုတ် ၁၉**

FIFAe World Cup 2026 Continental Championship Day 1 ကို ဩဂုတ် ၁၉ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပရာ မြန်မာအသင်း ရမှတ်တစ်မှတ်ရရှိထားသည်။ မြန်မာအသင်းသည် Day1 တွင် သုံးပွဲကစားရာ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂျပန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ပြီး ဥဇဘက်ကစ္စတန်အသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။

လက်ရှိတွင် မြန်မာအသင်းသည် အာရှအုပ်စု အဆင့် (၈)နေရာတွင် ရပ်တည်နေပြီး အဆင့် (၆) ရရှိလျှင်ပင် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။ Continental Championship ပြိုင်ပွဲခရီးစဉ်မှာ ဆက်လက်ရှိနေသေးသောကြောင့် မြန်မာအသင်းသည် ပွဲများ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MFF**



❒ **ကျောဖုံးမှ**

U-19 အသင်းလိုက်တွင် Nyan Shaine Lin၊ Hein Thiha Aung၊ Lin Lin Htet၊ Nang Seng Hlaing Main တို့ကလည်းကောင်း၊ U-23 အသင်းလိုက်တွင်၊ Phyoe Thurain Kyaw၊ Lal Zuidika၊ Eaint Chit Phoo၊ Su Latt တို့ကလည်းကောင်း ရွှေတစ်ခုစီဆွတ်ခူးရရှိခဲ့သည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် (MBF) ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ အထွေထွေအတွင်းရေးမှူးနှင့် နည်းပြများ၊ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လူငယ်လက်ရွေးစင် အားကစားသမားများသည် တံခွန်စိုက်ဖလားရရှိရန် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **အာကာ**

# အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် ဗီယက်နမ်အသင်း အနိုင်ရ

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်ဖြစ်သည့် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း၏ ဒုတိယအကျော့ပွဲကို ဩဂုတ် ၁၉ ရက်က ဗီယက်နမ်နိုင်ငံ၌ကျင်းပရာ ဗီယက်နမ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။

ဗီယက်နမ်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် နှစ်ဂိုး-ဂိုးမရှိ အနိုင်ရထားသလို ယခုဒုတိယအကျော့ အိမ်ကွင်းပွဲတွင်လည်း ထပ်မံအနိုင်ရသဖြင့် နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-ဂိုးမရှိဖြင့် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။ အဝေးကွင်း ဂိုးပြတ်အနိုင်ရထားသည့် ဗီယက်နမ်အသင်းသည် အိမ်ကွင်း၌ ထိန်းကစားသွားပြီး ဒုတိယပိုင်းသွင်းဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်း အတွက် အနိုင်ဂိုးကို တိုက်စစ်မှူး ငုယင် ရှောင်ဆန်က ၆၂၊ ၈၉ မိနစ်တွင် သွင်းယူခဲ့သည်။

**ကျင်းပ**

ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့တွေ့ဆုံနေပြီး ပထမအကျော့အဖြစ် ဩဂုတ် ၂၂ ရက်တွင် ထိုင်းနိုင်ငံ၊ ဒုတိယအကျော့အဖြစ် ဩဂုတ် ၂၆ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**မောင်ညီ**

❂ **အက်စ်တွန်ဗီလာအသင်းမှ**

အက်စ်တွန်ဗီလာ အသင်းဟာ ဂိုးသမားမာတီနက်ဇ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ရန်စီစဉ်ခဲ့ချိန်ကတည်းက ဂိုးသမားဆူဇူကီးကို ခေါ်ယူဖို့ပစ်မှတ်ထားခဲ့တာဖြစ်ပြီး မာတီနက်ဇ်ဟာ အက်စ်တွန်ဗီလာအသင်းအတွက် ယူရိုပါလိဂ်ဖလား ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဆူဇူကီးဟာ ဂျပန်နိုင်ငံလက်ရွေးစင် အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၂၈ ပွဲ ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အက်စ်တွန်ဗီလာ အသင်းအနေနဲ့ အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ ဂိုးသမားဆူဇူကီးအား အသင်းရဲ့ နံပါတ်တစ်ဂိုးသမားအဖြစ် ကာလကြာရှည်အသုံးပြုသွားရန် စီစဉ်ထားတာလည်းဖြစ်ပါတယ်။

ဆူဇူကီးဟာ ပါးမားအသင်းနဲ့အတူ နှစ်နှစ်ကြာကာလအတွင်း အီတလီစီးရီးအေပွဲစဉ်စုစုပေါင်း ၅၉ ပွဲ ပါဝင်ကစားပေးနိုင်ခဲ့တာဖြစ်ပါတယ်။

**ယူရိုပါလိဂ်ဖလားကို ရယူပေးနိုင်ခဲ့**

နောက်ခံလူ ရူဂါရီကတော့ အက်သလက်တီကိုမက်ဒရစ် အသင်းဆီမပြောင်းရွှေ့မီက အတ္တလန္တာအသင်းနဲ့အတူ စီးရီးအေပွဲစဉ် ၁၀၀ ကျော် ပါဝင်ကစားပေးခဲ့ပြီး အတ္တလန္တာအသင်းနဲ့အတူ ယူရိုပါလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

❍ **နှစ်လကျော်ကြာမှ**

YCDC Dream Team အသင်းက ULAD အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ Pacific Sun Far နှင့် MIU အသင်းသည် ခုနစ်ပွဲဆက်တိုက် နိုင်ပွဲရယူနိုင်ခဲ့သည်။

ပွဲစဉ် ၇ အပြီးတွင် Pacific Sun Far နှင့် MIU အသင်းတို့က ၂၁ မှတ်စီ၊ YRG အသင်းက ၁၈ မှတ်၊ YCFC Dream Team အသင်းက ၁၆ မှတ်၊ Gold Dream အသင်းက ၁၅ မှတ်၊ ULAD အသင်းက ၁၂ မှတ်၊ JV အသင်းက ၁၀ မှတ်၊ Royal Noka အသင်းက ခြောက်မှတ်၊ United City အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းတို့က သုံးမှတ်စီရရှိထားပြီး Burmese Warriors အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့မှာမူ အမှတ်မရသေးပေ။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF**

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၂၀၂၆–၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည် ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် –

Equipment For AI Translation System 1 Set

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁၉–၈–၂၀၂၆) ရက်နေ့မှ (၈–၉–၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါဖောင်(၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/– နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ (၉–၉–၂၀၂၆) ရက်နေ့ နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PO (Payment Order) ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၈၀၇၉၁၃၅၊ ၀၆၇–၈၀၇၉၄၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ
စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ဖုန်း–၀၆၇–၈၀၇၉၁၃၅၊ ၀၆၇–၈၀၇၉၄၁၁

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မင်းထက်[၉/ခမစ(နိုင်)၁၀၄၆၀၀] သည် ဦးဟိန်းသူ [၇/ကပက(နိုင်)၀၈၆၂၃၃] နှင့် (၂၀၁၆) ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ထို့နောက် အိမ်ထောင်ရေး အဆင်မပြေမှုများဖြစ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထား တိုက်ဆိုင်မှုမရှိခြင်းတို့ကြောင့် ( ၁၉ –၈–၂၀၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူ အသိသက်သေများရှေ့မှောက်တွင် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင်တစ်ဦးနှင့်တစ်ဦး(လုံးဝ)သက်ဆိုင်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ယဉ်မင်းထက်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိသူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၆၁၉)**
**အမှတ်(၁၀၄)၊ ဂန္ဓမာလမ်း၊ (၂၉)ရပ်ကွက်၊**
**သုဝဏ္ဏ၊သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသစ္စာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (အောင်ချမ်းသာတိုးချဲ့)၊ မြေကွက်အမှတ်(၉၆၅)၊ အကျယ်အဝန်း(၄၀x၆၀)ပေ ဦးအေးမြင့်/ ဦးကိုကိုလတ် [၁၂/သလန(နိုင်) ၀၀၈၈၉၅]အမည်ပေါက် ပါမစ်မြေကွက်အား အရောင်းအဝယ်ဆက်စပ်စာချုပ်များအရ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်စုစုသက်[၇/ပခန(နိုင်)၂၃၃၃၀၅] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုလှဲ့လှဲ့နိုင်(LL.B) အထက်တန်းရှေ့နေ(စဉ်–၅၂၂၅၄)**
**တိုက် ၈၊ အခန်း ၅၊ သံသုမာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်။**
**၀၉–၄၂၀၂၇၂၄၅၄**

## ဒေါ်မိမိခိုင်(ALE–၀၁၂၁၂၀)၊ ဒေါ်လှရွှေ(CE–၁၄၇၅၆၁) တို့နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သူ[၁၂/ဥကမ(နိုင်)၀၀၃၁၆၆]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေသည် မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၂)၊ (ဝေဘာဂီ/၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ်–(၂၈၁)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မိမိခိုင်၊ဒေါ်လှရွှေတို့အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၃၀ x ၅၀)ပေရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဒေါ်မိမိခိုင်(ALE–၀၁၂၁၂၀)၊ ဒေါ်လှရွှေ(CE–၁၄၇၅၆၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သူမှ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ လက်ရောက်ရယူပိုင်ဆိုင်ပြီး လက်ရှိထားစီမံခန့်ခွဲမှုပြုလုပ်ကာ ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါအိမ်နှင့်မြေအား ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းအမည်ပေါက်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်လာပါသဖြင့် ယင်းအိမ်နှင့်မြေအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်နှင့် သက်ဆိုင်ရာနေရာများတွင် လိုအပ်သည်များ လိုက်လံလက်မှတ်ရေးထိုးဆောင်ရွက်ပေးရန် ယနေ့ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ထိုသို့ဆောင်ရွက်ပေးခြင်းမရှိပါက ဒေါ်မိမိခိုင်၊ ဒေါ်လှရွှေတို့အမည်ဖြင့် ဂရန်အား ၎င်းအမည်သို့ ပြောင်းလဲနိုင်ရန်အတွက် ဥပဒေနှင့်အညီ အမည်ပေါက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၄၁၆၃၀၉**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လေရှီးမြို့၊ မတူဂီချောင်း ရေအားလျှပ်စစ်စက်ရုံ စက်ပိုင်းဆိုင်ရာများ အထွေထွေထိန်းသိမ်းပြုပြင်ခြင်းနှင့် လဟယ်မြို့၊ ကျလေ့ချောင်း ရေအားလျှပ်စစ်စက်ရုံ စက်ပိုင်းဆိုင်ရာများ အထွေထွေထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဒုတိယအကြိမ် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် – ၁၉–၈–၂၀၂၆ ရက်မှ ၄–၉–၂၀၂၆ ရက်အထိ

၃။ တင်ဒါတင်သွင်းရမည့်ရက် – ၄–၉–၂၀၂၆ ရက် ၊ (၉:၀၀ နာရီမှ ၁၆:၀၀ နာရီ)

၄။ တင်ဒါတင်သွင်းရမည့်နေရာ – တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့၊

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့။**
**ဖုန်းနံပါတ် – ၀၇၁–၂၂၈၁၇/၀၉–၂၅၉၀၇၀၂၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်၊ စိတ္တာသုခလမ်း၊ ကွင်းအမှတ်–၁၇(အိပ်ချ်)၊ ကွင်းအမည်–ဆံတော်တွင်းရပ်၊ ဦးပိုင်အမှတ်–(၂၆/ည)၊ မြေအမျိုးအစား–ဘိုးဘပိုင်မြေ၊ ဒေါ်စောကြည်[၇/သနပ(နိုင်)၁၇၃၁၇၅] အမည်ပေါက်ဖြင့်တည်ရှိသော အကျယ်အဝန်းဧရိယာ(၀.၀၈၅) ဧကအနက်မှ (၀.၀၄၂၅) ဧက (ခြေရင်းခြမ်း)ရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စောကြည်ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်၊စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုမာ(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၀၇)**
**၀၉–၄၂၀၀၅၈၉၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဘောဂလမ်း၊ အကွက်အမှတ်(၂၉)၊ ညောင်သုံးပင်တောင်ကွက်၊ ဦးပိုင်အမှတ် (၆၈/ခ/၁၁၁)၊ မြေကွက်အမှတ်(၁၁၁)၊ ဧရိယာ (၀.၀၈၀)ဧကအကျယ်ရှိ PRNO – 47 V/ 91–92 အရ ဦးအုန်းဟန် အမည်ပေါက် ဂရန်မြေကွက်ကြီးအတွင်းမှ ဧရိယာ (၀.၀၄၀)ဧကအကျယ်ရှိ (ခေါင်းရင်းခြမ်း) မြေကွက်အမှတ် (၁၁၀)နှင့် ကပ်လျက်ရှိသည့်အခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်ခံပျဉ်ထောင်နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက် ဖခင်ကြီး ဦးအုန်းဟန် ကွယ်လွန်ပြီး မှတ်ပုံတင်စာချုပ်အမှတ်–၁၃၆/၂၀၂၁အရ ပိုင်ဆိုင်သည်ဟုဆိုလာသူများဖြစ်သော ဒေါ်နွဲ့နွဲ့ရီ [၁၂/သလန(နိုင်)၀၆၇၉၇၉]၊ ဦးကျော်စိုးဟန် [၁၂/သလန(နိုင်)၀၂၄၂၄၉]၊ ဦးစိုးမိုးဟန်ကွယ်လွန်၏ ဇနီးဖြစ်သူ ဒေါ်တင်မာညို [၁၂/ပဇတ(နိုင်)၀၁၉၈၆၈]၊ ဦးသူထက်ဟန်[၁၂/သလန(နိုင်)၀၀၀၅၁၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝတ်ရည်သန့်(LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၀၁၄)**
**အမှတ်–(၂၂)၊ မင်းရန်အောင်(၂)လမ်း၊ (စျ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၄၂၈၀၃၄၂၅၃**

## ဦးထွန်းသိန်းဦး(ဘ)ဦးလှသိန်းအပါအဝင် သက်ဆိုင်သူများသိရှိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နီလာဝင်း[၁၂/သကတ(နိုင်) ၁၆၈၉၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးထွန်းသိန်းဦး(ဘ)ဦးလှသိန်းအပါအဝင် သက်ဆိုင်သူများအား အောက်ပါအတိုင်း သိရှိစေလိုက်ပါသည် –

ဦးထွန်းသိန်းဦးအနေဖြင့်အသုံးပြုသုံးစွဲနေသော "အသောကံ"အမည်ရှိသော Tiktok account နှင့် ထွန်းသိန်းဦးအမည်ရှိ Facebook account တို့မှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေဒေါ်နီလာဝင်းအပေါ် ရည်ရွယ်ထားသည့် ပို့စ်များတင်ခြင်းအား (၈–၅–၂၀၂၆) ရက်နေ့ ညနေပိုင်းမှစတင်၍ နေ့စဉ်ရက်ဆက်တင်နေကြောင်း သိရှိရပါသည်။ အဆိုပါ ဦးထွန်းဦးတင်ထားသော ပို့စ်များသည် မှန်ကန်မှုမရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေအား အရှက်ရစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေပြီး လူမှုစီးပွားရေး ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် အင်တာနက်လူမှုကွန်ရက်အားအသုံးပြု၍ တိုက်ခိုက်ရေးသားနေခြင်းဖြစ်သဖြင့် အဆိုပါပို့စ်များနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှ ဦးထွန်းသိန်းဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။ အဆိုပါ ဦးထွန်းသိန်းဦးတင်ထားသော ပို့စ်များအပေါ်တွင် ၎င်းနှင့်ပတ်သက်ဆက်နွှယ်နေသူများအနေဖြင့် like များပေးခြင်း၊ Comment များရေးသားခြင်း ပြုလုပ်လျက်ရှိနေသည်ကိုလည်း တွေ့ရပါသည်။ သို့ဖြစ်ရာအဆိုပါ Like များပေးခြင်း၊ Comment များရေးသားခြင်း ပြုလုပ်လျက်ရှိနေသဖြင့် နောက်နောင်တွင် ဒေါ်နီလာဝင်းအပေါ်တွင် ရည်ရွယ်တိုက်ခိုက်ရေးသားနေသော ဦးထွန်းသိန်းဦး၏ Tiktok, Facebook account များတွင် ဒေါ်နီလာဝင်းနှင့်ပတ်သက်သော ပို့စ်များအား like များပေးခြင်း၊ Comment များရေးသားခြင်းတို့ မပြုလုပ်ရန်နှင့် အကယ်၍ ကျွန်ုပ်တို့ဘက်မှ တားမြစ်နေသည့်ကြားမှ ဒေါ်နီလာဝင်း အပေါ်တွင် ရည်ရွယ်တိုက်ခိုက် ရေးသားနေသော ဦးထွန်းသိန်းဦး၏ Tiktok, Facebook account များတွင် ဒေါ်နီလာဝင်းနှင့်ပတ်သက်သော ပို့စ်များအား like များပေးခြင်းတို့ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် ဦးထွန်းသိန်းဦးအနေဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နီလာဝင်းအပေါ်တွင် ရည်ရွယ်သော ပို့စ်များအား အင်တာနက်လူမှုကွန်ရက်ပေါ်တွင် Tiktok account မှ ဖြစ်စေ၊ Facebook account မှဖြစ်စေ ဆက်လက်ရေးသားဖြန့်ဝေဆောင်ရွက်နေမည်ဆိုပါက ကျွန်ုပ်မိတ်ဆွေဘက် မှ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**ဒေါ်နီလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တိုးတိုးဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၁၁၃၇/၁၅–၇–၂၀၁၃)**
**A(1)44၊ ယမုံနာရိပ်မွန်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–790661173,09 73139831**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်၊ Inno City Condominium, တိုက်အမှတ် (၁၀၃)၊အခန်းအမှတ် (၀၂)၊ (၉)လွှာ၊ အကျယ်အဝန်း( ၁၂၅၀. ၆၇) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဖော်ကြေညာသူ ဦးအောင်မင်း [၁၀/မလမ (နိုင်)၁၆၈၂၉၁]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာချုပ်စာတမ်းအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖြိုးဝေဇင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၇၈၄)**
**အမှတ်–၆၂၊ ပထမထပ်၊ အခန်း (၁၁)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၀၄၆၁၂၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ်(၁၃/ခ–၁)(၁၃/ခ–၃) ပေါ်ရှိ မြေကွက်ပေါ်တွင်တည်ဆောက်ထားသော အမှတ်(၁၄/ကက)(၁၁)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ May Inya Residence ဟုခေါ်တွင်သော BasementပါRC (၈)ထပ်ခွဲ ကွန်ဒိုတိုက်ခန်း၏ အခန်းအမှတ် (၅စီ) ဧရိယာ(၇၃၂) စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီး၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဦးထိန်ဝင်း[၁၂/တမန(နိုင်)၀၇၄၇၂၄]နှင့် ဒေါ်သန်းစိုး[၁၂/တမန(နိုင်)၀၆၉၆၇၈]တို့မှ မြေရှင်အသိအမှတ်ပြု တိုက်ခန်းပိုင်ဆိုင်မှုစာချုပ်အရ ပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဒါလီထွန်း[၁၂/ရကန(နိုင်)၀၃၀၅၅၄]နှင့်ဦးမိဂျီထွန်း[၁၂/ရ ကန(နိုင်)၀၀၀၄၈၇]တို့မှ အပြီးပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသောကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၃၆၆၆၊ ၀၉–၅၄၀၆၆၁၁**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ဇာနည်(၁၁)လမ်း၊ မြေကွက်အမှတ်(၄၂၃)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ ပထမထပ်(ခြေရင်းဘက်)အခြမ်းရှိ အကျယ်အဝန်း (၁၈ ပေx၅၄ ပေ) တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဒေါ်နှင်းဦးဝေ [၁၂/ဥကမ(နိုင်)၂၃၀၅၆၃]ထံမှ ဖော်ပြပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် သဘောတူညီသည့်အလျောက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ ကန့်ကွက်မည့်သူ မည်သူမဆိုခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့(လူကိုယ်တိုင်)လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခင်မောင်ဦး (B.A,RL) တရားလွှတ်တော်ရှေ့နေ (စဉ်–၅၃၂၉)**
**အမှတ် (၂၂၄)၊ ၄–လွှာ၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၄၃၀၀၁၁၄၂၊ ၀၉–၆၉၃၆၂၁၁၅၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ တိုက်အမှတ်(၃၁၂)၊ အခန်းအမှတ်(A–3)၊ ဒုတိယထပ်(၃)လွှာ၊ အကျယ်အဝန်း(၁၇ပေx၅၅ပေ)ရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အလုံးစုံတို့အား ဒေါ်မိုးမိုးမြင့်အောင်[၁၂/ကမရ (နိုင်)၀၆၁၃၄၈]မှ စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်၍ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ဇာနည်နှင်း (LL.B,D.B.L,D.I.L)** | **ဒေါ်ခင်ပြည့် (LL.B, D.B.L)** | **ဒေါ်တင်တင်အေး(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၆၈၅၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၀၄၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၄၁၀)** |

**အမှတ်–၅၀၊ ၃၉ လမ်း (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၄၅၅၆၇၆၁၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဗိုလ်စောအောင်လမ်း၊ အမှတ်(၀/၈၃) ဟုခေါ်တွင်သော အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် (က/၂၅/ ၂၃၇)၊ မြေကွက်အမှတ်(၀/၈၃)၊ ဧရိယာ(၀. ၀၅၈)ဧကရှိ ဂရန်အမှုတွဲအမှတ်–RPNO.၀၄၈/V/၂၀၂၄– ၂၅ (၂၈–၈–၂၀၂၅– ၂၇–၈–၂၀၃၅) ထိအရ ဦးဝဏ္ဏအမည်ပေါက် ဂရန်မြေနှင့် အကျိုးခံစားခွင့်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသူ ဦးအောင်ကျော်ဝင်း [၁၂/ဗဟန (နိုင်)၀၁၀၇၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဂရန်မူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းမင်းသန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၅၀၉၂၁၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၂၇၀/အေ–၁)၊ ဧရိယာ (၂၀ပေx၆၀ပေ ) အကျယ်ရှိ ဦးရဲနီ(ခ)ဦးဝင်းမောင် အမည်ပေါက် နှစ် (၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၂၇၀/အေ–၁)၊ ၃၇ လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မေတ္တာဖြင့် အပိုင်ပေးစာချုပ်အမှတ်(၄၀၈၂/၂၀၂၂)အရ ပိုင်ဆိုင်ထားသူများဖြစ်ပြီး မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ၁။ဒေါ်ရီရီဝင်း[၁၂/ဥကတ(နိုင်)၀၆၂၈၅၆]၊ ၂။ဒေါ်ရီရီလင်း [၁၂/ဆကခ(နိုင်)၀၀၀၀၅၇]ထံမှ အဆိုပြုကမ်းလှမ်းသည့်အတိုင်း ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူနိုင်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေများ |
|---|---|---|
| **ဦးဝဏ္ဏဇော် (စဉ်–၉၇၈၀)** | **ဒေါ်အိအိစံ (စဉ်–၁၀၂၁၈)** | **ဦးမင်းမင်း (စဉ်–၂၇၃၂၀)** |
| **ဒေါ်စန်းစန်းနု (စဉ်–၁၄၁၈၄)** | **ဒေါ်စိုးစိုးနွယ် (စဉ်–၁၄၁၈၃)** | **ဒေါ်နွေးနွေးအိ (စဉ်–၄၉၄၇၁)** |
| **ဒေါ်အေးမွန်သိန်း (စဉ်–၁၆၂၆၉)** | | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း– ၀၉ –၅၁၄၃၈၀၂၊ ၀၉–၄၃၁၃၃၉၉၀**

# ကုန်အမှတ်တံဆိပ်ကို ဈေးကွက်အတွင်း တုပသုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ပြဟ္မစိုရ်လမ်း၊ အမှတ်၈၈၂ (၂/ခ)တွင် ရုံးစိုက်တည်ရှိသော ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီဖြစ်သော **FRIENDS SUCCESS INTERNATIONAL CO., LTD** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေး တားမြစ် ကြေညာအပ်ပါသည်-




**Reg. No. MM/T/2023/012161**
**7660/2018**

အထက်ဖော်ပြပါ **SUPER EC 98 CORNICE COMPOUND** ကုန်အမှတ်တံဆိပ်သည် မြန်မာနိုင်ငံ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၂၀၁၈ခုနှစ်မှစ၍ တရားဝင် မှတ်ပုံတင်သွင်း ထားရှိပြီးသော ကုန်အမှတ်တံဆိပ် ဖြစ်ပါသည်။ ယင်း **SUPER EC 98 CORNICE COMPOUND** ကုန်အမှတ်တံဆိပ်အား ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီဖြစ်သော **DEHOME PLASTER CEILING CO.** မှ ထုတ်လုပ်သော အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်း အမျိုးအစား နံပါတ် **(Int'l Class - 19)** တွင်ပါဝင်သော **(Cornices, not of metal; Cornice compound)** ကုန်ပစ္စည်းများ၏ ကုန်အမှတ်တံဆိပ်အဖြစ် ကပ်နှိပ် အသုံးပြုလျက်ရှိပါသည်။ ထို့နောက် ၂၀၁၉ခုနှစ် ကုန်အမှတ်တံဆိပ်ဥပဒေနှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင်လည်း ၂၀၂၃ခုနှစ်တွင် ထပ်မံပြီး မှတ်ပုံတင်ထားသော အမှတ်တံဆိပ် ဖြစ်ပါသည်။

မလေးရှားနိုင်ငံရှိ **DEHOME PLASTER CEILING CO.** မှ ထုတ်လုပ်သော **SUPER EC 98 CORNICE COMPOUND** အမှတ်တံဆိပ် ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေကုမ္ပဏီဖြစ်သော **FRIENDS SUCCESS INTERNATIONAL CO., LTD** သို့ **Authourized Representatives Distributor** အဖြစ် **Distribution Agreement** ကို ချုပ်ဆိုပေးအပ်ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **SUPER EC 98 CORNICE COMPOUND** ကုန်အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများကို တရားဝင်တင်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

ယခုအခါ မသမာသူများမှ ကျွန်ုပ်မိတ်ဆွေပိုင် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ ကောင်းသတင်းကို အမှီပြုလျက် တုပ၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ဖြစ်စေရန် ပြုလုပ်ကာ ကုန်အမှတ်တံဆိပ်အတုဖြင့် ထုတ်လုပ် တင်သွင်း လက်ဝယ်ထား ဖြန့်ဖြူး ရောင်းချနေကြောင်း ကြားသိရပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ကုန်အမှတ်တံဆိပ်ကို တုပအသုံးပြု၍ အမျိုးအစားတူ ကုန်ပစ္စည်းများကို ထုတ်လုပ်တင်သွင်း၊ လက်ဝယ်ထား၊ ဖြန့်ဖြူး ရောင်းချနေခြင်းမှာ မြန်မာနိုင်ငံရှိ တည်ဆဲ ဥပဒေများကို အတိအလင်းချိုးဖောက်ရာရောက်ပြီး ကျွန်ုပ်မိတ်ဆွေ၏စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံထားသောငွေကြေးများ၊ ဂုဏ်သတင်းကောင်းများ၊ များစွာထိခိုက် နစ်နာ ဆုံးရှုံးလျက်ရှိပါသည်။




**ကုန်ပစ္စည်းအစစ်အမှန်**




**ကုန်ပစ္စည်းအတု**

သို့ပါသောကြောင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ ကောင်းမွန်သော ဂုဏ်သတင်းများ၊ ကုန်ပစ္စည်း၏အရည်အသွေးများနှင့်တကွ ရင်းနှီးမြှုပ်နှံထားသော ငွေကြေးများကို များစွာထိခိုက်လျက်ရှိသောကြောင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ကုန်အမှတ်တံဆိပ်ကို အများပြည်သူတို့အကြား ထင်ယောင်ထင်မှားဖြစ်စေရန် တုပ၍ အလားတူ ကုန်ပစ္စည်းအတုများကို တုပသုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ် ဖောက်ကားခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်းများ (လုံးဝ) မပြုလုပ်ရန် သတိပေး တားမြစ်ကြောင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ဖော်ပြပါကုန်အမှတ်တံဆိပ်ကို တုပ၍ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းမှ ချက်ချင်းရပ်ဆိုင်းရန်နှင့် အဆိုပါတုပထားသော ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ ဈေးကွက်အတွင်းတွင် အမျိုးအစားတူ ကုန်ပစ္စည်း အတုများကို ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်းများ၊ ဆိုင်ခန်းဖွင့်လှစ် ရောင်းချခြင်းများ၊ Online ပေါ်တွင်ရောင်းချခြင်းများအား ချက်ချင်းရပ်ဆိုင်း ပေးရန်နှင့် ဖော်ပြပါတုပထားသော ကုန်အမှတ်တံဆိပ်ဖြင့် ကုန်ပစ္စည်းများကို လူမှုကွန်ရက် စာမျက်နှာများဖြစ်သော Facebook, TikTok, Instagram, Telegram, Youtube, Viber **အစရှိသော** Social media Platforms များကို အသုံးပြု၍ ကြေညာထားခြင်းများနှင့် ရောင်းချခြင်းများကို **ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း** ချက်ချင်း ဖြုတ်ချ၊ ဖယ်ရှား၊ ရှင်းလင်း၊ ဖျက်ဆီးပေးရန် သတိပေး တားမြစ်လိုက်သည်။

အကယ်၍ ဤသတိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိဘဲ မှတ်ပုံတင်ထားသော **SUPER EC 98 CORNICE COMPOUND** ကုန်အမှတ်တံဆိပ်အား တုပထားသော ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ အမျိုးအစားတူ ကုန်ပစ္စည်းများကို ထုတ်လုပ် တင်သွင်း ဖြန့်ဖြူး လက်ဝယ်ထား ရောင်းချနေသည့် မည်သူ့ကိုမဆို အထက်ဖော်ပြပါ မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်၏ ထိခိုက်နစ်နာမှုများ အားလုံးနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နှစ်ရပ်လုံးအရဖြစ်စေ တရားစွဲဆို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးစိုးသက်ကိုကို**
**LL.B, Trademark Agent of IPD**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၈၃၉)
အမှတ် (3/1-B)၊ ယောဂီကျောင်းလမ်း၊
၁၂ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
**09 263218848, 09 799636964**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ဂျပန်ဂိုးသမား ဆူဇူကီး



အီတလီနောက်တန်း ကစားသမား ရူဂါရီ

## အက်စ်တွန်ဗီလာအသင်းက ဆူဇူကီးနဲ့ ရူဂါရီတို့အား စာချုပ်ချုပ်ဆိုခေါ်ယူ

အက်စ်တွန်ဗီလာအသင်းဟာ ဂျပန်ဂိုးသမား ဆူဇူကီးနဲ့ အီတလီနောက်တန်းကစားသမား ရူဂါရီတို့ကို စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

ဂိုးသမား ဆူဇူကီးဟာ အီတလီကလပ်ပါးမားအသင်းကနေ ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် အက်စ်တွန်ဗီလာအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အီတလီဘယ်နောက်ခံကစားသမားရူဂါရီကတော့ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ပေါင် ၁၇ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂

## Badminton Asia Southeast Asia Regional Championships 2026 ပြိုင်ပွဲကြီးတွင် မြန်မာ့လူငယ်လက်ရွေးစင် ကြက်တောင်အသင်း အသင်းလိုက် ချန်ပီယံ ရွှေတံဆိပ်သုံးဆု ဆွတ်ခူးရရှိ

ရန်ကုန် ဩဂုတ် ၁၉

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပလျက်ရှိသော Badminton Asia Southeast Asia Regional Championships 2026 ပြိုင်ပွဲကြီးတွင် မြန်မာ့လူငယ်လက်ရွေးစင်ကြက်တောင်အသင်းသည် အသင်းလိုက် ချန်ပီယံ ရွှေတံဆိပ် သုံးဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ အသင်းလိုက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးထားသည့် မြန်မာ့လူငယ်လက်ရွေးစင်အားကစားသမားများသည် U-16 အသင်းလိုက်တွင် Min Myat Moe၊ Kaung Myat Chan Thai Thoon Nadi Phyoe၊ Nang Sam Chan Thawတို့ကလည်းကောင်း၊

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❒



Badminton Asia Southeast Asia Regional Championships 2026 ပြိုင်ပွဲကြီးတွင် မြန်မာ့လူငယ်လက်ရွေးစင် ကြက်တောင်အသင်း အသင်းလိုက် ချန်ပီယံ ရွှေတံဆိပ်ဆု လက်ခံရရှိပြီးနောက် အောင်ပွဲခံစဉ်။



Gold Dream အသင်းနှင့် Royal Noka အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## နှစ်လကျော်ကြာ ရပ်နားထားသည့် MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပြန်လည်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

နှစ်လကျော်ကြာ ရပ်နားထားသည့် 2026 MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇) ကို ဩဂုတ် ၁၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ပြန်လည်ကျင်းပသည်။ ယင်းပြိုင်ပွဲကို ဇွန် ၁၃ ရက်က ကျင်းပသည့် ပွဲစဉ် (၆) အပြီးတွင် ရပ်နားထားခြင်းဖြစ်သည်။

ပွဲစဉ် (၇) တွင် YRG အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၂ ဂိုး-တစ်ဂိုး၊ Gold Dream အသင်းက Royal Noka အသင်းကို ငါးဂိုး-နှစ်ဂိုး၊ MIU အသင်းက Burmese Warriors အသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ Pacific Sun Far အသင်းက United City အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ JV အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ကိုးဂိုး-ဂိုးမရှိ၊

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ❍

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်း နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ✤

## ရှမ်းပြည်နယ် ဝမ်ဟိုင်းမှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် ၃၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၄ သန်းကျော်အား မင်းလှမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၉

ရှမ်းပြည်နယ် ဝမ်ဟိုင်းမှ ရခိုင်ပြည်နယ်သို့သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် ၃၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၄ သန်းကျော်အား မင်းလှမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ■



တရားခံ သက်ဝေအောင်(ခ)စိုင်းလေး၊ သူရဇော်(ခ)ကိုဟိန်း၊ နေဇာအောင်၊ ရဲရင့်လှိုင်(ခ)ရဲရင့်၊ နွေးရှိုင်းမင်း(ခ)ကိုရှိုင်း၊ အောင်စိုးဦးနှင့် စိန်ဝင်းမောင်တို့အား သိမ်းဆည်းရမိသည့် ယာဉ်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။